DVB

# ဒီမိုကရက်တစ်မြန်မာ့အသံ သတင်းလွှာ

## နိုင်ငံရေးအကျဉ်းသားသတင်း
## ၂၀၀၃ ဒီဇင်ဘာ

- အားကစားဂျာနယ် အယ်ဒီတာ ၁ ဦးနှင့် အခြား ၈ ဦးကို နအဖ က သေဒဏ်အပြစ်ချမှတ် ၁၊ ဒီဇင်ဘာ ၊ ၂၀၀၃
- အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကိုယ်စားလှယ် ၂ ဦး ရန်ကုန်ရောက်ရှိ ၂၊ ဒီဇင်ဘာ၊ ၂၀၀၃
- တရားခံ၏ အကျိုးဆောင်ရှေ့နေ မပါဘဲ စီရင်ချက် ချပိုင်ခွင့် မရှိ ၂၊ ဒီဇင်ဘာ ၊ ၂၀၀၃
- အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့သို့ နိုင်ငံရေးအကျဉ်းသားများ၏ ဇနီးတို့ တင်ပြရန်ရှိ ၂၊ ဒီဇင်ဘာ ၊ ၂၀၀၃
- ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ အဖမ်းခံရသူ လူငယ် ၈ ဦး ပြန်လည်လွတ်မြောက် ၃၊ ဒီဇင်ဘာ ၊ ၂၀၀၃
- အဓမ္မနှိပ်စက်မှုများကြောင့် ပေါ်တာဖမ်းဆီးခံရသူ သေဆုံး ၃၊ ဒီဇင်ဘာ ၊ ၂၀၀၃
- ပြန်လည်လွတ်မြောက်လာသော အဖွဲ့ချုပ်လူငယ်များ အိမ် မပြန်နိုင်သေး ၄၊ ဒီဇင်ဘာ၊ ၂၀၀၃
- ထောင်နှစ်ရှည်ကျအမျိုးသမီးနှစ်ဦး ပြန်လွတ်ပေးသင့်ကြောင်း အဖွဲ့ချုပ်ဥပဒေအထောက်ကူပြုအဖွဲ့ဝင်တဦး ပြောဆို၄၊ ဒီဇင်ဘာ ၊ ၂၀၀၃
- အဖွဲ့ချုပ်ဝင် နိုင်ငံရေးအကျဉ်းသား ၁၆ ဦး ပြန်လည်လွတ်မြောက် ၅၊ ဒီဇင်ဘာ၊ ၂၀၀၃
- ခန္တီးအကျဉ်းထောင်မှ လွတ်မြောက်သူများ အိမ်အပြန် စရိတ်မရှိ၍ အခက်အခဲတွေ့နေ ၅၊ ဒီဇင်ဘာ၊ ၂၀၀၃
- ထောင်သက်အရှည်ဆုံး နိုင်ငံရေးအကျဉ်းသား ကျန်းမာရေးဆိုးလာ၍ မန္တလေးထောင် ပြောင်းရွှေ့ ၆၊ ဒီဇင်ဘာ၊ ၂၀၀၃
- ခန္တီးထောင်မှ လွတ်မြောက်လာသူ ၁၆ ဦး နေအိမ်များသို့ ပြန်လည်ရောက်ရှိကြပြီ ၆၊ ဒီဇင်ဘာ၊ ၂၀၀၃
- နှစ်ရှည်ထောင်ဒဏ်ကျခံနေရသော သဃ်န်းကျွန်းအဖွဲ့ချုပ် အတွင်းရေးမှူးဒေါ်အေးမြင့်သန်း၏ အခြေအနေ ၆၊ ဒီဇင်ဘာ၊ ၂၀၀၃
- နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်းစိန်ထောင်သို့ဝင်ရောက်စစ်ဆေး ၈၊ ဒီဇင်ဘာ၊ ၂၀၀၃
- ဒေါ်အောင်ဆန်းစုကြည်၏အသက်ကို ကယ်တင်ခဲ့သူ ကိုကျော်စိုးလင်းနှင့် ဆက်သွယ်မေးမြန်းချက် ၉၊ ဒီဇင်ဘာ၊ ၂၀၀၃
- အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့် ကိုယ်စားလှယ် ၂ ဦး မော်လမြိုင်အကျဉ်းထောင်သို့ သွားရောက် ၁၀၊ ဒီဇင်ဘာ၊ ၂၀၀၃
- မြို့တော်ခန်းမအနီး တကိုယ်တော် ဆန္ဒပြခဲ့သူ ထောင်ဒဏ် ၇ နှစ် ချမှတ်ခံရ ၁၂၊ ဒီဇင်ဘာ၊ ၂၀၀၃
- ဦးတင်ဦးကျန်းမာရေးအခြေအနေ စိုးရိမ်ကြောင်း **NLD** ခေါင်းဆောင်များ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကို ပြောဆို ၁၃၊ ဒီဇင်ဘာ၊ ၂၀၀၃
- ထောင်ဒဏ်နှစ်ရှည်ကျခံနေရသော ညီအစ်ကို ၂ ဦး ထောင်ဝင်စာတွေ့တိုင်း မိခင်အား နှစ်သိမ့်ပြောဆို ၁၅၊ ဒီဇင်ဘာ၊ ၂၀၀၃
- ကေအဲန်ယူ မှ ဗိုလ်စောဆာထူးစော အင်းစိန်ထောင်ဆေးရုံ၌ သေဆုံး ၁၇၊ ဒီဇင်ဘာ၊ ၂၀၀၃
- ချင်းအမျိုးသား ၃ ဦး ထောင်ဝင်စာ တွေ့ခွင့် မရ ၁၇၊ ဒီဇင်ဘာ၊ ၂၀၀၃
- သေဒဏ်ချမှတ်ခံရသူများထဲမှ ကိုသန်းထွန်း ပြန်လည်လွတ်မြောက် ၁၈၊ ဒီဇင်ဘာ၊ ၂၀၀၃
- ဒေါ်အောင်ဆန်းစုကြည်၏လုံခြုံရေး တာဝန်ယူခဲ့ဖူးသူ လူငယ်ခေါင်းဆောင် ထောင်ဒဏ် ၄ နှစ် ၂၀၊ ဒီဇင်ဘာ၊ ၂၀၀၃
- ဒေါ်စုနှင့် နိုင်ငံရေးအကျဉ်းသားများ ပြန်လွှတ်ပေးရန် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး တောင်းဆို ၂၀၊ ဒီဇင်ဘာ၊ ၂၀၀၃
- မြန်မာပြည် လူ့အခွင့်အရေးအခြေအနေများ ပိုမို ဆိုးဝါးလာနေ ၊သတင်းစာရှင်းလင်းပွဲတွင် **AI** ဝေဖန်ပြောဆို ၂၂၊ ဒီဇင်ဘာ၊ ၂၀၀၃
- **AI** အဖွဲ့ကိုယ်စားလှယ် ၂ ဦး ဝေဖန်ချက်၊ အပြုသဘော မဆောင်သည့်အတွက် လက်မခံဟု နအဖ ပြောဆို ၂၃၊ ဒီဇင်ဘာ၊ ၂၀၀၃
- ခေတ်ပြိုင် သတင်းစာ ဖတ်၍ ထောင်ဒဏ်အပြစ်ပေးရန် ပြင်ဆင်နေ ၂၃၊ ဒီဇင်ဘာ၊ ၂၀၀၃
- နေအိမ် အဓမ္မပြောင်းရွှေ့ခံရ၍ မကျေနပ်ကြောင်း စာရွက်ကပ်သဖြင့် မူဆလင် ၃ ဦး ဖမ်းဆီးခံရ ၂၈၊ ဒီဇင်ဘာ၊ ၂၀၀၃

## အားကစားဂျာနယ် အယ်ဒီတာ ၁ ဦးနှင့် အခြား ၈ ဦးကို နအဖ အာဏာပိုင်တို့က သေဒဏ်အပြစ်ချမှတ်

*၁၊ ဒီဇင်ဘာ ၊ ၂၀၀၃ မောင်တူး (ဒီဗွီဘီသတင်းထောက် ၊ ထိုင်း)*

အားကစားဂျာနယ် အယ်ဒီတာ ၁ ဦးနှင့် အခြား ၈ ဦးကို နအဖ စစ်ခုံရုံးတခုက သေဒဏ်အပြစ် ချမှတ်လိုက်ကြောင်း သိရသည်။

ပြီးခဲ့သည့် သောကြာနေ့က ယခုလိုအပြစ်ပေးလိုက်ခြင်းဖြစ်ပြီး အပြစ်ပေးခံရသူများမှာ First Eleven ဂျာနယ် အယ်ဒီတာ ကိုဇော်သက်ထွေး (ခေါ်) ကိုသက်ဇော်၊ မွန်အမျိုးသားတပ်ဦးမှ နိုင်မင်းကြည်၊ ရှေ့နေ ဦးအေးမြင့်၊ ဇော်ဇော် (ခေါ်) ဇော်မျိုးဆက်၊ ဇာနိုင်ထွန်း (ခေါ်) ဖြူလေး၊ ကိုနေဝင်း (ခေါ်) ယက္ခ၊ ကိုရွှေမန်း (ခေါ်) ဇေယျာ၊ ကိုသန်းထွန်းနှင့် ကိုမျိုးထွေး တို့ ဖြစ်ကြသည်။

သေဒဏ်အပေးခံလိုက်ရသူ ၉ ဦးအပါအဝင်လူ ၁၂ ဦးကို စစ်ထောက်လှမ်းရေးက လွန်ခဲ့သည့် ဂျူလိုင်လ ၁၇ ရက်နေ့က ဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး ၎င်းတို့သည် နအဖ ခေါင်းဆောင်များကို လုပ်ကြံသတ်ဖြတ်၍ တိုင်းပြည်ဆူပူအောင်ဆောင်ရွက်ခဲ့သည်ဟု ဂျူလိုင်လ ၂၆ ရက်နေ့သတင်းစာရှင်းလင်းပွဲ၌ နအဖ တာဝန်ရှိသူများမှ ပြောဆိုသည်။ ရန်ကုန်စာပေအသိုင်းအဝိုင်းကို ယခုကိစ္စနှင့်ပတ်သက်၍ ဆက်သွယ်မေးမြန်းရာ ...

"သေဒဏ်ပေးတယ်ဆိုတာလောက်ပဲ ကြားရပါတယ်။ ဒီလို သေဒဏ်ပေးလောက်အောင် ကြီးမားတဲ့အပြစ်ဒဏ်ခံယူစေတဲ့ဟာကို တိတိကျကျ ကျနော် မကြားရသေးပါဘူး။ သေဒဏ်ပေးတယ်ဆိုတာလောက်ပဲ ကြားရပါတယ်"

ဂျာနယ်အယ်ဒီတာတဦးက အတည်ပြု ပြောကြားခြင်းဖြစ်သည်။ သေဒဏ် အပြစ်ပေးခံရသူများအဖမ်းခံရခြင်းသည် နအဖ မကြိုက်သော ဆောင်းပါးများ ဖော်ပြမှုကြောင့်ဟု ရန်ကုန်မြို့မှ အဆိုပါအယ်ဒီတာက ပြောဆိုသည်။ ဂျာနယ် ထုတ်ဝေသူများသည် ဂျာနယ်ရောင်းရငွေ၏ ၁၅% မှ ၅၀% အထိ စာပေစိစစ်ရေးနှင့်ထောက်လှမ်းရေးသို့ ပေးကြရသည်။ ယခုကဲ့သို့ First Eleven ဂျာနယ်အဖွဲ့ဝင်များ အဖမ်းခံခဲ့ရခြင်းသည်လည်း ထောက်လှမ်းရေးတောင်းသမျှငွေ ပေးရန်ငြင်းဆန်ခဲ့၍ အပြစ်ရှာလုပ်ကြံဖမ်းဆီးခံခဲ့ရခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြသည်။ ယခုကဲ့သို့ သေဒဏ်ပေးသည်အထိ ကြီးကြီးလေးလေးအပြစ်ပေးခံရမှုအပေါ် အမည်မဖော်လိုသည့် ဂျာနယ်အယ်ဒီတာကပင် ၎င်း၏ခံစားချက်ကို ယခုလို ဆက်လက်ပြောပြသည်။

"ကျနော်တို့ စာနယ်ဇင်းသမားတွေက ထောင်ကျလည်း ခံရ၊ သေဒဏ်ပေးလည်း ခံရတယ်။ အဲဒါမျိုးဖြစ်နေတယ်။ သူတို့လက်ခုပ်ထဲက ရေပဲဗျ။ ဒါကတော့ မတရားဘူးလို့ မြင်တယ်ဗျ။ တိတိကျကျ စာနယ်ဇင်းဥပဒေ ပြဋ္ဌာန်းထားတာမျိုး၊ ဥပဒေလမ်းကြောင်းအတိုင်း အပြစ်ဒဏ်ပေးမှုတို့၊ အရေးယူမှုတို့လုပ်ငန်းအတွေ့အကြုံအရ မတွေ့ရဘူး။ စာပေစိစစ်ရေးက အမြင့်ဆုံးပဲလေ။ သေချာတိကျ သေချာတဲ့ဥပဒေ ပြဋ္ဌာန်းထားတာမရှိဘဲ ဒီနေ့တမျိုး မနက်ဖြန်တမျိုးနဲ့ သူ့နှုတ်က ထွက်တာကို ဥပဒေလို့ပြောပြီးလုပ်နေရတယ်။ ရေငုံနှုတ်ပိတ် ခေါင်းငုံ့ခံနေရတာ ချည်းပါပဲ"

ယခုဆိုလျှင် မြန်မာစာနယ်ဇင်းသမားပေါင်း ၂၀ ကျော် နအဖအကျဉ်းထောင်များထဲ၌ ကျခံနေရပြီး ထိုအထဲတွင် ဟံသာဝတီသတင်းစာ ဆရာကြီးဦးဝင်းတင်ကဲ့သို့ အသက်အရွယ်ကြီးပြီး ကျန်းမာရေးချို့တဲ့နေသူများလည်း ပါဝင်ကြောင်း သိရှိရသည်။ အစသို့

## အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကိုယ်စားလှယ် ၂ ဦး ရန်ကုန်ရောက်ရှိ

*၂ ၊ ဒီဇင်ဘာ ၊ ၂၀၀၃*

အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (AI) မှ ကိုယ်စားလှယ်နှစ်ဦး ရန်ကုန်မြို့ကို ယနေ့ ရောက်ရှိလာပြီဟု သိရသည်။ AI အဖွဲ့သည် မြန်မာနိုင်ငံတွင် ၁၇ ရက်ကြာနေထိုင်ပြီး နိုင်ငံရေးအကျဉ်းသားတွေနှင့် တရားစီရင်ရေးအခြေအနေတို့ကို အဓိကထားလေ့လာမည်ဟု သိရသည်။ ထို့ပြင် AI ကိုယ်စားလှယ်များသည် နအဖ စစ်အစိုးရနှင့်သာမက နေအိမ်အကျယ်ချုပ်ကျခံနေရသည့် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် အဖွဲ့ချုပ်ခေါင်းဆောင်များ၊ အဖွဲ့ချုပ်ထောက်ခံသူတွေနှင့် တွေ့ဆုံရန်နှင့် အကျဉ်းထောင်များကိုလည်း သွားရောက်လေ့လာရန် ကြိုးစားမည်ဖြစ်ကြောင်း AI အဖွဲ့ လန်ဒန်ရုံးချုပ် ပြောခွင့်ရပုဂ္ဂိုလ်အမျိုးသမီးက ပြောဆိုခဲ့သည်။ သို့သော်လည်း AI အဖွဲ့ ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ခွင့်ရရှိရန် မသေချာသေးကြောင်းရန်ကုန်အခြေစိုက် သံတမန်များမှ ပြောဆိုနေသည်။ ယခုနှစ်အစောပိုင်းတွင် AI အဖွဲ့ မြန်မာနိုင်ငံကို ပထမဆုံး အကြိမ်လာရောက်ခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နအဖဝန်ကြီးများနှင့် တွေ့ဆုံခဲ့သည်။ ထို့ပြင် အင်းစိန်ထောင်ကို ဝင်ရောက်ပြီး နိုင်ငံရေးအကျဉ်းသားများ၊ အကျဉ်းထောင်အရာရှိများ၊ ရဲအရာရှိများနှင့်ပါ တွေ့ဆုံခဲ့သည်။ သို့သော် AI အဖွဲ့ပြန်သွားပြီးသည့်နောက် ဒီမိုကရေစီအရေးလှုပ်ရှားသူ ၁၂ ဦးကို တရားမဝင် စာရွက်စာတမ်းများ လက်ဝယ်တွေ့ရှိသည့်ဟုဆိုကာ ဖမ်းဆီးထောင်ချခဲ့သည့်အကြောင်း AI သတင်းတွင် ရေးသားထားသည်။ ယခုတခေါက် AI အဖွဲ့ မရောက်ခင် မနေ့ကပဲ အားကစားဂျာနယ်အယ်ဒီတာ ကိုဇော်သက်ထွေးနှင့် လူ ၉ ဦးသည် နအဖ၏ သေဒဏ် အပြစ်ပေးခြင်း ခံခဲ့ရသည်။ အစသို့

## တရားခံ၏ အကျိုးဆောင်ရှေ့နေမပါဘဲ စီရင်ချက် ချပိုင်ခွင့် မရှိ

*၂ ၊ ဒီဇင်ဘာ ၊ ၂၀၀၃*

ပြီးခဲ့သည့် သောကြာနေ့က နအဖ၏ သေဒဏ်အပြစ်ပေးခံရသူများနှင့်ပတ်သက်၍ ပဲခူးမြို့မှ ရှေ့နေကြီးတဦးက တရားဥပဒေနည်းလမ်းအရ သေဒဏ်ထိုက်သောအမှုများတွင် တရားခံအကျိုးဆောင်ရှေ့နေမပါဘဲ စီရင်ချက်ချပိုင်ခွင့်မရှိသလို အမှုစစ်ဆေးပိုင်ခွင့်လည်းမရှိကြောင်း ဒီဗွီဘီကို ပြောဆိုသည်။ သေဒဏ်အပြစ်ပေးခံရသည့်သူများထဲမှ ပဲခူးမြို့ရှိ ရှေ့နေဦးအေးမြင့်၏မိသားစုသည် ဦးအေးမြင့် အဖမ်းခံရပြီးနောက်ပိုင်း အခက်အခဲမျိုးစုံနှင့်ရင်ဆိုင်နေရကြောင်း၊ ဖခင်မရှိသည့်နောက် မိသားစု စားဝတ်နေရေးအတွက် ရှန်းကန်နေရတာကြောင့် ပညာရေးလည်း

ထိခိုက်ရကြောင်းမိသားစုဝင်များက ပြောဆိုသည်။ ဇူလိုင်လ ၂၀ ရက်နေ့ညပိုင်းတွင် နယ်မြေခံအာဏာပိုင်တွေနှင့် စစ်ထောက်လှမ်းရေးများ အိမ်ကိုရောက်ရှိလာပြီး ဦးအေးမြင့်ကို ဖမ်းဆီးခေါ်ဆောင်သွားတဲ့အကြောင်း သားဖြစ်သူ ညိုလင်းမောင်က ဒီဗွီဘီ ကို ယခုလို ပြန်လည် ပြောဆိုသည်။

“အဖေ့ကို ၇ လပိုင်း၊ ၂၀ ရက်နေ့ည ၁၁ နာရီထိုးလောက်မှာ ရန်ကုန်က အခေါ်ခိုင်းလို့ဆိုပြီးတော့ ခေါ်သွားတာပဲ။ ထောက် ၃ က လာခေါ်တာ။ ရပ်ကွက်လူကြီးတွေရောဘာရော ပါတာပေါ့။ အိမ်မှာလည်း ရှာတယ်ဗျ။ ဘာမှမတွေ့ဘူး။ အဖေ့ရဲ့အမှုတွဲတွေပဲ ယူသွားတယ်။ အဖေကတော့ ပြောတာပေါ့ ‘ငါ့ညီတို့ ကြိုက်သလိုသာ ရှာပါ။ ဘာမှ တွေ့မှာမဟုတ်ဘူး’။ အမှုတွဲတွေကို ရှာနေတဲ့အခါ နည်းနည်းလည်း ကြာတော့ အဖေက ‘ငါ့ညီ အဲဒီအမှုတွဲတွေကို ရှာနေရင် တော်တော် နဲ့ပြီးမှာမဟုတ်ဘူး။ ကြိုးနဲ့စည်းပြီးသာ ယူသွား’လို့ပြောပြီး အဖေလိုက်သွားတယ်။ ကျနော်တို့မိသားစုကတော့ ဘာမှန်းလည်း မသိဘူး။ ခေါ်တော့ ခေါ်သွားတာပဲပေါ့။ နောက် ၇ လပိုင်း၊ ၂၇ ရက်နေ့ထုတ် သတင်းစာထဲမှာမှ UG လုပ်ဆောင်တယ်လို့ပါလာတာ။ အဲတော့မှပဲ အဖေ့ကိုခေါ်သွားတာဟာ ဖမ်းသွားတယ်ဆိုတာ ကျနော်တို့က သိရတာ”

ယခုနှစ်တွင် ၁၀ တန်းအောင်ထားသော ဦးအေးမြင့်၏သား ညိုလင်းမောင်သည် ပညာတပိုင်းတစဖြင့် မိသားစု စားဝတ်နေရေးအတွက် ဆိုက္ကားနင်း၍ ဝင်ငွေရှာနေရသည်။ လွန်ခဲ့တဲ့လအတွင်းကတော့ ‘ဦးအေးမြင့် သေပြီ’ဆိုသော သတင်းများကြောင့် ရန်ကုန်ရှိ ICRC ရုံးကို သွားရောက်စုံစမ်းခဲ့သော်လည်း ဖခင်၏သတင်းနှင့်ပတ်သက်ပြီး ဘာမှ မသိခဲ့ရသောကြောင့် မိသားစုအားလုံး စိုးရိမ်သောကဖြစ်ခဲ့ရကြောင်း ၎င်းက ပြောဆိုသည်။ ယခုချိန်၌ ဦးအေးမြင့်ကို နအဖ က သေဒဏ်အပြစ်ပေးလိုက်ပြီးဖြစ်သည်။ သို့သော်လည်း ညိုလင်းမောင်တို့ မိသားစုကမူ တနေ့တွင် ၎င်းတို့၏ဖခင် အိမ်ကို ပြန်ရောက်လာလိမ့်မည်ဟု မျှော်လင့်နေသည်။

“အစတုန်းကတော့ အကြောင်းကြားနိုး ကြားနိုးနဲ့။ ကျနော်တို့လည်း ဘာမှမသိ၊ ဘယ်ခေါ်လို့ ခေါ်သွားမှန်းမသိတော့ ဘယ်ကို စုံစမ်းလို့ စုံစမ်းရမှန်းမသိဘူး။ အဲဒါကြောင့် ဟိုလူက ပြောနိုးနိုး၊ ဒီလူကသတင်းပေးနိုးနိုးနဲ့။ အဖေအပြစ် မရှိဘူးဆိုရင် တနေ့ပြန်လာမယ်လို့ပဲ ကျနော်တို့ ယုံကြည်ထားပါတယ်။ မိသားစု စုံစုံလင်လင်နဲ့နေချင်တာပါပဲ။ ကျန်တာတော့ ဘာမှမပြောလိုပါဘူး။ ကျနော်တို့လည်း ဘာမှနားမလည်တဲ့အတွက် အရင်တုန်းကလိုပဲ၊ အဖေရှိတုန်းကအတိုင်းလိုပဲ နေချင်တာပေါ့”

*အစသို့*

## အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့သို့ နိုင်ငံရေးအကျဉ်းသားများ၏ ဇနီးတို့ တင်ပြရန်ရှိ

*၂၊ ဒီဇင်ဘာ၊ ၂၀၀၃*

လွတ်ငြိမ်းချမ်းသာခွင့်ကိုယ်စားလှယ်များ ပြီးခဲ့သည့်အကြိမ်လာရောက်စဉ်က နှစ်ရှည်ထောင်ဒဏ်ချမှတ်ခံထားရသည့် ဒေါက်တာသန်းငြိမ်း၊ ဒေါက်တာခင်ဇော်ဝင်း၊ ဦးခင်မောင်ဆွေ၊ ဦးစိန်လှဦး၊ ဦးစောနိုင်းနိုင်း စသည့် နှစ်ရှည် နိုင်ငံရေးအကျဉ်းသားတို့၏ ဇနီးများကိုလည်း တွေ့ဆုံခဲ့သည်။

လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကိုယ်စားလှယ်များက ၎င်းတို့ခင်ပွန်းသည်များ၏ ကျန်းမာရေးအခြေအနေများနှင့် ထောင်ဝင်စာတွေ့ရသည့် အခက်အခဲများကို မေးမြန်းခဲ့ပြီး ၎င်းတို့ဘက်ကလည်း နိုင်ငံရေးအကျဉ်းသားများသည် အပြစ်မရှိသည့်အကြောင်း၊ ချက်ချင်း ပြန်လွှတ်ပေးသင့်သည့်အကြောင်း တင်ပြခဲ့သည်ဟု စမ်းချောင်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဆွေ၏ဇနီးက ဒီဗွီဘီ ကို ပြောဆိုသည်။ ထို့ကြောင့် ယခုတခေါက် တွေ့ခွင့်ရမည်ဆိုလျှင် ဘာများတင်ပြဖို့ရှိပါသလဲဟု မေးမြန်းရာတွင် ဦးခင်မောင်ဆွေရဲ့ဇနီး ဒေါ်ဝင်းဝင်းအေးက ယခုလို ပြောဆိုသည်။

“ပြောရမယ်ဆိုရင် သူတို့က ထောင် ၇ နှစ်ချထားပြီးတော့ ဘာဖြစ်လို့ အဲလောက်ထိခေါ်ထားတာလဲ။ ချုပ်ရက်ထက် ကျော်သွားပြီလေ။ ဒါကိုတော့ အန်တီသိချင်တာပေါ့။ နှစ်စေ့ပြီဆိုတော့ ပြန်လွှတ်ပေးသင့်ပြီပေါ့။ အန်တီကတော့ ဒီဟာ တောင်းဆိုချင်တာ။ ဒါပေမယ့် သူတို့လက်ထဲမှာရှိတာဆိုတော့ ဘာမှကြိုတင်ပြောလို့ရတာမရှိပါဘူး”

ထောင်ဒဏ် ၇ နှစ်ပြည့်ခဲ့သော်လည်း ယခုချိန်ထိ မြင်းခြံထောင်တွင် ဆက်လက်အကျဉ်းချခံထားရသော စမ်းချောင်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဆွေရဲ့ ဇနီးပြောပြသွားခြင်းဖြစ်သည်။

ဦးခင်မောင်ဆွေနှင့်အတူ အမှုတွဲတခုတည်းအဖမ်းဆီးခံခဲ့ရသော အင်းစိန်မြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိန်လှဦး၏ဇနီး ဒေါ်ရွှေစင်ကလည်း ...

“သူက မှာလိုက်တာက ‘အရပ်ရှစ်မျက်နှာကိုပြောလိုက်ပါ၊ စိန်လှဦး အိုပါပြီ၊ အသက်လည်း ကြီးပါပြီ’ဆိုပြီး ပြော လိုက်တယ်။ ၂၀၀၀ ပြည့် ဇွန်မှာ ၁၀ (က) ဆိုပြီး အကြွေးဆိုပြီး ပြန်ထားတယ်။ အဲတော့ အန်တီကမေးတယ် ‘အကြွေးဆိုတော့ ဘယ်နှစ်နှစ်လဲ’ဆိုတော့ ‘မသိဘူး’ တဲ့။ အခုလည်းမြစ်ကြီးနားမှာ ICRC မလာလို့ ဟိုတခေါက်ကတည်းက၊ ဇူလိုင်မှာကတည်းက မှာတယ်။ ‘ရွှေစင်မြစ်ကြီးနားကို ICRC မလာဘူး’ တွေ့ရင် ပြောလိုက်ပါဦးတဲ့။ ဒါပေမယ့် ICRC က ရိုးရိုးနိုင်ငံရေးအကျဉ်းသားတွေထက် ဒီပဲယင်းအကျဉ်းသားတွေကို ပိုပြီးတော့ အဓိကထားနေရတော့ အန်တီ နားလည်တယ်။ ဟိုဖက်ကို ICRC မလှည့်နိုင်ဘူးဆိုတာအန်တီနားလည်တယ်။ သူလွှတ်လာတယ်ဆိုရင်လည်း လွှတ်စေချင်ပြီ။ သူ လည်း အသက်ကြီးပြီပေါ့”

ယခုလ ၂၆ ရက်နေ့က မြစ်ကြီးနားထောင်မှာသွားတွေ့ခဲ့သည့်အကြောင်းကိုလည်း ဒေါ်ရွှေစင်ကလည်း ...

“အန်တီ ၂၆ က သွားတယ်။ ကျန်းမာရေးကျတော့ သိပ်ကောင်းတဲ့ပုံတော့ မပေါ်ဘူး။ တော်တော်တော့ အို တယ်။ သူ့ကြည့်တော့ ‘နေကောင်းလား’ဆိုတော့ ‘ကောင်းပါတယ်’လို့တော့ ပြောတာပဲ။ မကောင်းဘူးဆိုလည်း အန်တီက ဘာတတ်နိုင်မှာလဲလေ။ သွေးတိုးကတော့ အပြင်မှာရှိတုန်းက တခါတလေတော့ တိုးတယ်။ ဒါပေမယ့် အမြဲတမ်းတော့ သွေးတိုးရှိနေတာတော့ မဟုတ်ဘူးပေါ့။ ထွက်လာတော့ စိတ်ထဲမှာ သူမှန်းလို့မထင်ရဘူး။ တအားအိုတဲ့ အဖိုးကြီးလေ”

မြင်းခြံထောင်ရှိ ဦးခင်မောင်ဆွေ၏အခြေအနေကိုလည်း ယခုလ ၂၀ ရက်နေ့တွင် ထောင်ဝင်စာသွားတွေ့ခဲ့သော ဇနီး ဒေါ်ဝင်းဝင်းအေးက...

"၂၀ ရက်နေ့က သွားခဲ့ပါတယ်။ လက်ရှိအနေအထားကတော့ မဆိုးပါဘူး။ ဒါပေမယ့် သူကသွေးတိုးတာတော့ ရှိတယ်။ တခါတခါ သွေးတိုးတယ်။ အခုနောက်ပိုင်းပေ့ါ။ ဒီတခေါက်တော့ အန်တီက ၃ လနေမှ တခါလာတာ၊ နည်းနည်းတော့ ပြောပါရစေဆိုပြီးတော့ နည်းနည်း အချိန်ပိုပေး တယ်။ သူတို့လည်း သွားစရာမရှိဘူးနဲ့တူတယ်။ ခုဆို ၆၀ ပြည့်ပြီ။ ၆၁ ထဲမှာပါ။ သူ့မှာ Allergic ရှိတယ်။အစတုန်းကတော့ မရှိဘူး။ သွေးတိုးတာလည်းအရင်က မရှိဘူး။ အခု သွေးတိုးတယ်။ တခါတခါ Allergic ဖြစ်ရင် အပိန့်တွေ အပိန့်တွေ အများကြီးထွက်တယ်။ သူ့အသက် အနေအထားနဲ့ဆိုတော့အန်တီက ပူတာပေ့ါ။ ဒီမှာလိုလည်း သွားကြည့်လို့ ရတာမျိုးမဟုတ်ဘူးလေ။ သုံးလနေမှ တခေါက် သွားဖြစ်ပါတယ်။ ပူတဲ့အခါကျရင် အရေပြားတောင် ကွာတယ်တဲ့။ အထဲမှာ သူတို့ပြောကြတာလေ။ အန်တီတို့ တခါတလေသွားတဲ့လူတောင် နေလို့မရဘူး"

ဦးခင်မောင်ဆွေ၊ ဦးစိန်လှဦး၊ ဒေါက်တာခင်ဇော်ဝင်း၊ စာရေးဆရာမ သာယာဝတီ စမ်းစမ်းနွဲ့နှင့် သမီးမမိုးမိုးတို့ကို ၁၉၉၄ ခုနှစ်တွင် အမှုတွဲတတွဲတည်း ဖမ်းဆီးခဲ့ပြီး ထောင်ဒဏ် ၇ နှစ်စီ ချမှတ်ခဲ့တာဖြစ်သည်။ ဒေါ်စမ်းစမ်းနွဲ့နှင့် သမီးဖြစ်သူ တို့ကို ပြန်လွှတ်ပေးခဲ့သော်လည်း ဦးစိန်လှဦးတို့ ၃ ဦးကို ၉ နှစ်ကျော် ၁၀ နှစ်ထဲရောက်လာသည်အထိ ယခင် ဖမ်းဆီးခံရစဉ်က ထောင်ဒဏ်နှစ်ကျန်များကိုပါ ပေါင်းခံရမည်ဟုဆိုကာ ဆက်လက် အကျဉ်းချထားခြင်းဖြစ်သည်။ _အစသို့_

## ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ အဖမ်းခံရသူ လူငယ် ၈ ဦး ပြန်လည်လွှတ်မြောက်

*၃ ၊ ဒီဇင်ဘာ ၊ ၂၀၀၃*

ဒီပဲယင်းအကြမ်းဖက်တိုက်ခိုက်မှုအပြီး ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ အဖမ်းခံရသူ အဖွဲ့ချုပ်လူငယ် ၈ ဦးကို ဒီကနေ့ ခန္တီးထောင်ကနေ ပြန်လွှတ်ပေးလိုက်ကြောင်း ခိုင်လုံတဲ့သတင်းရပ်ကွက်ကတဆင့် သိရသည်။ ပြန်လွှတ်လာသူများမှာ ရန်ကုန်၊ အလုံမြို့နယ်မှ ကိုမျိုးညွန့်၊ ကမာရွတ်မြို့နယ်မှ ကိုမျိုးသော် (ခေါ်) ကိုပေါက်၊ တာမွေမြို့နယ်မှ ကိုမြင့်ကျော်၊ တောင်ဥက္ကလာပ မြို့နယ်မှ ကိုသက်ထွန်း၊ ဧရာဝတီတိုင်း၊ ဒေါပုံမြို့နယ်မှ ကိုကျော်ဇင်ဝင်း၊ ပုတောမြို့နယ်မှ ကိုတိုးလွင်နှင့် ကိုမင်းလွင်တို့ ဖြစ်ကြသည်။ ဒီဗွီဘီ က ရရှိသည့်သတင်းများအရ ၎င်းတို့ ၈ ဦးသည် ယခုအချိန်အထိ ခန္တီးမြို့ပေါ်တွင်ရှိနေဆဲဖြစ်ပြီး မြို့ အာဏာပိုင်အဖွဲ့က ဒီဇဘ်ာလ ၅ ရက်နေ့မှာမှ မိဘများထံပြန်ပို့ပေးရန် နအဖ မှ စီစဉ်နေကြောင်း သိရသည်။ ယခုပြန်လွှတ်လာသူများသည် ဒီပဲယင်း တိုက်ခိုက်မှုအတွင်း ဒေါ်အောင်ဆန်းစုကြည်ကားနှင့်အတူလိုက်ပါသွားပြီး ရေဦးမြို့အနီးမှာ ဖမ်းဆီးခံရသူများဖြစ်သည်။ စုစုပေါင်း အဖမ်းဆီးခံရသူ လူငယ် ၁၇ ဦးဖြစ်ပြီး ၎င်းတို့အထဲမှ ရန်ကုန်တိုင်း အဖွဲ့ချုပ် လူငယ်ခေါင်းဆောင် ကိုထွန်းဇော်ဇော်ကို လွန်ခဲ့တဲ့လအစောပိုင်းက ပြန်လွှတ်ပေးခဲ့သည်။ _အစသို့_

## အခမ္မနှိပ်စက်မှုများကြောင့် ပေါ်တာဖမ်းဆီးခံရသူ သေဆုံး

*၃ ၊ ဒီဇင်ဘာ ၊ ၂၀၀၃*

ဧရာဝတီတိုင်း၊ ဟင်္သာတမြို့နယ်၊ အမှတ် ၁ ရဲစခန်းမှ ရဲအရာရှိများနှင့် နယ်မြေခံစစ်ထောက်လှမ်းရေးများ၏ အခမ္မ နှိပ်စက်ညှဉ်းပမ်းမှုကြောင့် ပေါ်တာအဖြစ်ဖမ်းဆီးခံနေရသူ မောင်ကျော်ဇေယျသေဆုံးသွားကြောင်း သိရသည်။

မောင်ကျော်ဇေယျကို ပေါ်တာပြေးမှု၊ ခိုးမှု၊ လက်နက်မှု စသည့်ပြစ်မှုများနှင့် ရိုက်နှက်စစ်ဆေးခဲ့ခြင်းကြောင့် နိုဝင်ဘာလ ၁၈ ရက်နေ့တွင် သေဆုံးသွားခြင်းဖြစ်သည်။ ဇလွန်မြို့က မောင်ကျော်ဇေယျ ၂၄ နှစ်နှင့် မောင်မြင့်သန်း ၂၅ နှစ် တို့နှစ်ဦးသည် အောက်တိုဘာလအတွင်းမှာ ရန်ကုန်မြို့ကိုလာရောက်စဉ် ခမရ ၅၉၁ တပ်ရင်း၏ ပေါ်တာအဖြစ် ဖမ်းဆီး ပို့ဆောင်ခံခဲ့ရခြင်းဖြစ်သည်။ ၎င်းနောက်ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်အရှေ့ဘက် နယ်မြေရှင်းလင်းရေး တာဝန်ယူထားသော ခမရ ၅၉၁ တပ်ရင်းမှ ဗိုလ်ကြီးဟိန်းထက် ဦးဆောင်သည့်တပ်ခွဲတွင် ပေါ်တာခိုင်းစေခံခဲ့ရသည်။ အောက်တိုဘာလ ၃၀ ရက်နေ့ ညပိုင်းတွင် ၎င်းတို့နှစ်ဦးပေါ်တာအဖြစ် ဆက်လက်မထမ်းနိုင်တော့သောကြောင့် အရက်မူး၍ အိပ်ပျော်နေသည့် တပ်ခွဲမှူး ဗိုလ်ကြီးဟိန်းထက်၏ ပစ္စတိုသေနတ်တလက်၊ ကျည်ကပ်တခုနှင့်ကျည် တောင့် ၈ တောင့်ကို ယူဆောင်ပြီး ထွက်ပြေးတိမ်းရှောင်ခဲ့ခြင်းဖြစ်သည်။ သို့သော် ယခုလ ၁၅ ရက်နေ့တွင် ယူလာသော လက်နက်ပစ္စည်းများကို ရောင်းချရန်စီစဉ်နေစဉ်တွင် အဖမ်းခံခဲ့ရခြင်းဖြစ်သည်။ ထို့နောက် ၎င်းနှစ်ဦးကို ဟင်္သာတမြို့ အမှတ် ၁ ရဲစခန်း၌ ချုပ်နှောင်စစ်ဆေးခဲ့ရာတွင် အတင်းအခမ္မ နှိပ်စက်ညှဉ်းပမ်းမှုများကြောင့် မောင်ကျော်ဇေယျသေဆုံးခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။ _အစသို့_

## ပြန်လည်လွှတ်မြောက်လာသော အဖွဲ့ချုပ်လူငယ်များ အိမ် မပြန်နိုင်သေး

*၄ ၊ ဒီဇင်ဘာ ၊ ၂၀၀၃*

မနေ့က ပြန်လွှတ်ပေးလိုက်သည့် အဖွဲ့ချုပ်လူငယ်များ အိမ်ပြန်စရိတ်မရှိသောကြောင့် ခန္တီးမြို့ပေါ်တွင် ဒုက္ခရောက်နေကြသည်ဟု သိရသည်။ ခန္တီးထောင်တွင် ဖမ်းဆီးထားသော အဖွဲ့ချုပ်လူငယ် ၈ ဦးကို နအဖ စစ်အစိုးရက ပြန်လွှတ်ပေးခဲ့သော်လည်း အိမ်တိုင်ရာရောက် ပြန်ပို့မပေးသေးခြင်းကြောင့် ယခုလို ခန္တီးမြို့ပေါ်တွင် သောင်တင်နေကြရတာဖြစ်သည်။ ရန်ကုန်အဖွဲ့ချုပ်အသိုင်းအဝိုင်းမှ သိရသည့် သတင်းများအရ ခရီးစရိတ် ၂ သောင်းနှုန်း စီစဉ်ပေးရန် အဆိုပါလူငယ်တွေက အဖွဲ့ချုပ်ကို အကြောင်းကြားခဲ့သည်ဟုဆိုသည်။ တဖက်တွင်လည်း ခရီးစရိတ်အတွက် လိုအပ်သောငွေကို ဒေသခံများ ထံမှချေးငှားပြီး နေအိမ်သို့အမြန်ပြန်လာကြရန် စီစဉ်နေကြကြောင်း ပြန်လွှတ်လာသူများ၏ မိသားစုဝင်များမှတဆင့် သိရှိခဲ့ရကြောင်း တောင်ဥက္ကလာပမြို့နယ် အဖွဲ့ချုပ်ခေါင်းဆောင်တဦးမှ ဒီဗွီဘီ ကို ယခုလိုပြောပြသည်။

"သူတို့ ချေးငှားပြီးတော့လာမယ်တောင် ပြောနေတယ်။ သူတို့ကလည်း အမြန်ရောက်ချင်တဲ့သဘောကြောင့်တဲ့။ သင်္ဘောနဲ့ဆိုရင် တပတ်လောက်ကြာမှာပေါ့။ ကွေ့ပါတ်ပြီးသွားရမှာကိုး။ လေယာဉ်လက်မှတ်ကကြာမယ်ဆိုရင် သူတို့က မစောင့်နိုင်ဘူးပေါ့။ အမြန်ဆုံးရောက်အောင် သူတို့ ဘယ်လိုလုပ်မလဲတော့ မသိဘူး။ တနည်းတဖုံနဲ့ စီစဉ်ပြီးတော့ အရောက်လာမယ်လို့ သူတို့အားလုံး သဘောရနေတယ်။ အဲလိုကြားရတယ်။ ကိုသက်ထွန်းအိမ်ကမိဘနှစ်ပါးနဲ့လည်း တွေ့တယ်။ နှမနဲ့လည်းတွေ့တယ်"

အဖွဲ့ချုပ်ဗဟိုလူငယ် ကိုထွန်းဇော်ဇော်ကို ပြန်လွှတ်ပေးစဉ်က စစ်ထောက်လှမ်းရေးအဖွဲ့မှ နေအိမ်အထိအရောက် ပြန်ပို့ပေးခဲ့သည်။ သို့သော် ယခုတကြိမ်ပြန်လွှတ်ပေးသည့်ကိစ္စနှင့်ပတ်သက်၍ နအဖမှ ယခုချိန်ထိ သတင်းထုတ်ပြန်ခြင်း မရှိသေးသလို မိသားစုများကိုလည်း အကြောင်းကြားခြင်းမျိုး မရှိသေးကြောင်း သိရသည်။ ဒီပဲယင်းလုပ်ကြံမှုကြီးအတွင်း ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ ဖမ်းဆီးခံရပြီး ခန္တီးထောင်တွင် ချုပ်နှောင်ထားသူ အဖွဲ့ချုပ်လူငယ် ၁၇ ဦးထဲမှ ပြန်လွှတ် လာသူ ၉ ဦးရှိပြီဖြစ်သည်။ မနေ့က ပြန်လွှတ်လာသူများမှာ ကိုမျိုးညွှန့်၊ ကိုပေါက် (ခေါ်) ဖိုးဇော်၊ ကိုမြင့်ကျော်၊ ကိုတိုးလွင်၊ ကိုသက်ထွန်း၊ ကိုမင်းလွင်၊ ကိုကျော်ဇင်ဝင်းနှင့် ကိုမြင့်ငွေတို့ ဖြစ်ကြသည်။ ဒါပေမယ့် ဒေါ်အောင်ဆန်းစုကြည်၏ ကားမောင်းသမား ကိုကျော်စိုးလင်းအပါအဝင် အဖွဲ့ချုပ်ဝင်လူငယ် ၈ ဦးသည် ခန္တီးထောင်တွင် ဆက်လက်ချုပ်နှောင်ခံနေရဆဲဖြစ်ကြောင်း သိရသည်။ အစသို့

## ထောင်ဒဏ်နှစ်ရှည်ကျ အမျိုးသမီးနှစ်ဦး ပြန်လွှတ်ပေးသင့်ကြောင်း အဖွဲ့ချုပ်ဥပဒေအထောက်ကူပြု အဖွဲ့ဝင်တဦး ပြောဆို

*၄ ၊ ဒီဇင်ဘာ ၊ ၂၀၀၃*

နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးနှင့်ဥပဒေကိစ္စများဆွေးနွေးရန်အတွက် AI (ခေါ်) နိုင်ငံတကာ လွတ်ငြိမ်း ချမ်းသာခွင့်အဖွဲ့ ယခုလ ၂ ရက်နေ့တွင် ရန်ကုန်ကိုရောက်ရှိနေကြောင်း သတင်းထုတ်လွှင့်ခဲ့ပြီးဖြစ်သည်။ သို့သော် ဘယ်သူတွေနှင့်တွေ့ဆုံမည်၊ ဘာဆွေးနွေးကြမည်ဆိုသော AI အဖွဲ့ လှုပ်ရှားမှုသတင်းများ ယခုချိန်ထိ ထွက်ပေါ်မလာသေးပါ။ ဒီပဲယင်းအကြမ်းဖက်မှုနောက်ပိုင်း နိုင်ငံရေးလှုပ်ရှားသူများကို ဖမ်းဆီးမှု ပိုများလာပြီး ဒီပဲယင်းမတိုင်ခင်ကတည်းက ဖမ်းဆီးခံထားရသော နှစ်ရှည်နိုင်ငံရေးအကျဉ်းသားများလည်း ထောင်ကျော်ရှိနေခြင်းကြောင့် ၎င်းတို့အားလုံး AI အဖွဲ့နှင့် တွေ့ခွင့်ရရှိရေးမျှော်လင့်နေကြသည်။ အဖွဲ့ချုပ် ဥပဒေအထောက်ကူပြုအဖွဲ့ဝင်တဦးဖြစ်သည့် သင်္ဃန်းကျွန်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွှန့်က မိမိတို့အဖွဲ့ကို AI ကိုယ်စားလှယ်တွေ မဖြစ်မနေ တွေ့ရမှာဖြစ်ကြောင်း ဒီဗွီဘီ ကို ယခုလို ပြောဆိုသည်။

"မနှစ်ကအတွေ့အကြုံနဲ့ပြောရင် သူတို့ကကျနော်တို့နဲ့ တွေ့ကိုတွေ့မှာပဲ။ သူတို့ဒီလာတဲ့အဓိကရည်မှန်းချက်က ၃ ခု ရှိတာပဲ။ (၁) အာဏာပိုင်တွေနဲ့တွေ့မယ်၊ (၂) ထောင်တွင်းကလူတွေနဲ့တွေ့မယ်။ (၃)ကတော့ အဖွဲ့ချုပ်အပါအဝင် တိုင်းရင်းသားပါတီတွေ၊ ဦးခွန်ထွန်းဦးတို့ ပါတီတွေနဲ့တွေ့မယ်။ ဒါ သူတို့အမြဲတမ်းလုပ်နေကျပဲ။ ဗမာပြည်တရားဥပဒေစနစ်တွေဟာ နိုင်ငံတကာတရားဥပဒေစံနှုန်းနဲ့မပြောနဲ့ တည်ဆဲ ဥပဒေပြဋ္ဌာန်းချက်တွေနဲ့လည်း မကိုက်ညီဘူးလို့ ကျနော်ထင်တဲ့အမှုတွေ အများကြီးတွေ့ထားပါတယ်။ နိုင်ငံရေးသဘောထားကွဲရုံ၊ နိုင်ငံရေး အမြင် မတူရုံ၊ ပြောရုံ ဆောင်ရွက်ရုံနဲ့ ထောင်ချနေတဲ့အမှုတွေကတော့ ကျနော်တို့လိုက်ခဲ့တဲ့ နိုင်ငံရေးအကျဉ်းသားအမှုတွေမှာ အများကြီး အတွေ့အကြုံရခဲ့တာကိုး။ အဲဒါ တွေကိုရော နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ပါလာတဲ့ပုဂ္ဂိုလ်တွေကိုတော့ မနှစ်ကလိုပဲ ပြောပြခွင့် ကြုံရင်တော့ အချက်အလက်နဲ့ ပြောပြမှာပါ"

ယခုကဲ့သို့ AI အဖွဲ့ လာရောက်စဉ်တွင် တွေ့ခွင့်ရလိုကြောင်း မြောင်းမြထောင်တွင် ထောင်ဒဏ် ၂၁ နှစ် ချမှတ်ခံ ထားရသော သင်္ဃန်းကျွန်းမြို့နယ်အဖွဲ့ချုပ်အတွင်းရေးမှူး ဒေါ်အေးမြင့်သန်းကလည်း ထောင်တွင်းကနေ သူ့ဆီကို စာ ရေးပို့လာကြောင်း ဦးသိန်းညွှန့်က ပြောဆိုသည်။ ကျန်းမာရေးချို့တဲ့နေသော ဒေါ်အေးမြင့်သန်း၏စာပါ အချက်အလက်များကိုလည်း ဦးသိန်းညွှန့်က ယခုလို ဆက်လက်ပြောပြထားသည်။

"သူတို့သားအမိနှစ်ယောက်က နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီးနဲ့ တွေ့ချင်တယ်။ တွေ့ချင်တယ် ဆိုတာက မြန်မာနိုင်ငံမှာရှိတဲ့ နိုင်ငံရေးအကျဉ်းသားအားလုံးကို ခြွင်းချက်မရှိလွှတ်ပေးဖို့သူတို့ ထိထိရောက်ရောက် တောင်းဆိုချင်တယ်။ ဒေါ်အေးမြင့်သန်းရဲ့ ခံစားချက်ပေါ့။ ပုဂ္ဂလိကခံစားချက်လေးကိုတော့ ကျနော် နည်းနည်းပြောပြပါ့မယ်။ သူတို့ရေးထားတဲ့အတိုင်းပဲ ကျနော်ဖတ်ပြမယ်။ 'မိမိကို လာရောက်ခေါ်ယူစဉ် ၆ နှစ်အရွယ် အိပ်ပျော်နေသော သားငယ်ကို နှုတ်မဆက်နိုင်ခဲ့သဖြင့် ဝမ်းနည်းခဲ့ရပါတယ်။ ယခုအချိန်ဟာ သားငယ်အတွက် ရှင်ပြုပေးရမည့်အရွယ် ရောက်နေပြီဖြစ်တယ်။ မိမိ၏ကျန်းမာရေးမကောင်းသဖြင့် သားကို ရှင်ပြုခွင့် ရနိုင်ပါ့မလားဟုလည်း စိတ်ပူနေရပါတယ်။ ကျန်မိသားစု သမီးတယောက်နဲ့သားတယောက်အတွက်လည်း မိခင်တယောက်အနေဖြင့် အမြဲတမ်းတွေးပူနေရပါတယ်။ မိမိ၏ လည်ပင်းကျိပေါင်းနှင့် ခါးကျိပေါင်းရောဂါသည် အခန့်မသင့်လျှင် ကိုယ်တပိုင်းသေသွားနိုင်သဖြင့် မိမိဘဝ၏နောက်ဆုံးအချိန်သည် ဤထောင်ထဲမှာပင် ကုန်ဆုံးသွားရမလားဟု တွေးကာ ခံပြင်းမိပါတယ်' ဒါပေမယ့် သူဟာ နိုင်ငံရေးသမားတယောက် အနေနဲ့တော့ 'မိမိကိုယ်ကျိုး၊ မိသားစုအကျိုး တစိုးတစိမျှမပါဘဲ ပြည်သူပြည်သားအားလုံးအတွက် ကိုယ်စားပြု တိုက်ပွဲဝင်နေရတာမို့ အရှုံးမပေး၊ ဒူးမထောက်ဘဲ ကြံ့ကြံ့ခံသွားမှာဖြစ်တယ်'ဆိုတဲ့ သူ့ရဲ့နိုင်ငံရေးခံယူချက်ကိုလည်း အဲဒီစာထဲမှာ ဖော်ပြထားတာ ရှိပါတယ်။ ဒီကိစ္စကိုနှစ်ချက်ပဲ ကျနော် စဉ်းစားပါတယ်။ (၁) က လူသားအချင်းချင်း ကရုဏာတရားဒေါင့်က ကြည့်ရင်၊ နောက်တခုက ကျနော်တို့တိုင်းပြည်ရဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးကို စိတ်ကောင်း စေတနာကောင်းနဲ့ လုပ်ကြမယ်ဆိုရင် သူတို့သားအမိကို နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ရောက်နေတဲ့အချိန်မှာ မြောင်းမြထောင်ကနေ ပြန်လွှတ်ပေးသင့်ပါပြီလို့ သက်ဆိုင်ရာအာဏာပိုင်များကို ကျနော် အနူးအညွတ်မေတ္တာရပ်ခံပါတယ်" အစသို့

## အဖွဲ့ချုပ်ဝင် နိုင်ငံရေးအကျဉ်းသား ၁၆ ဦး ပြန်လည်လွတ်မြောက်

*၅ ၊ ဒီဇင်ဘာ ၊ ၂၀၀၃*

NLD အဖွဲ့ဝင် နိုင်ငံရေးအကျဉ်းသား ၁၆ ဦးကို ပြီးခဲ့သည့်ဗုဒ္ဓဟူးနေ့က ပြန်လွှတ်ပေးလိုက်ပြီ ဖြစ်ကြောင်း နအဖ စစ်ထောက်လှမ်းရေးအရာရှိ ဗိုလ်မှူးချုပ် သန်းထွန်းက ယနေ့ တရားဝင်ပြောကြားလိုက်သည်။

ဒီပဲယင်း အကြမ်းဖက်မှုအတွင်း ဖမ်းဆီးခံခဲ့ရပြီး ခွင်္သီးအကျဉ်းထောင်၌ ချုပ်နှောင်ခံရသူ ၁၆ ဦးကို ပြန်လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း ယနေ့ သတင်းစာရှင်းလင်းပွဲတွင် ပြောဆိုသွားခြင်းဖြစ်သည်။ သို့သော်လည်းငင်းတို့၏အမည်များနှင့် အဖွဲ့ချုပ်ဝင်များ (သို့မဟုတ်) ဒီမိုကရေစီရေး လှုပ်ရှားသူ ကျောင်းသူ/ကျောင်းသားများ ဆိုသည်ကိုမူ ဗိုလ်မှူးချုပ်သန်းထွန်းကအတိအကျပြောဆိုမှု မရှိပေ။ ထို့ကြောင့် ယခုပြန်လွှတ်လာသူများမှာ မေ ၃၀ တိုက်ခိုက်မှုအတွင်း ဖမ်းဆီးခံခဲ့ရပြီး ခွင်္သီးထောင်၌ ကျန်ရှိနေသူ ၁၆ ဦးလုံး ဖြစ်နိုင်ကြောင်း အများက ယူဆနေကြသည်။

၎င်းတို့ ၁၆ ဦးကို ခွင်္သီးကမှ မန္တလေးသို့ လေယာဉ်ဖြင့်ပို့ဆောင်ပေးမည်ဖြစ်ပြီး ထိုမှတဆင့် နေရပ်များကို ပြန်ပို့ပေးမည်ဖြစ်သည်ဟုလည်း ဗိုလ်မှူးချုပ်သန်းထွန်းက သတင်းထောက်များကို ပြောဆိုသည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် ကျန်အဖွဲ့ချုပ်ဝင်များအား မည်သည့်နေ့ရက်၌ ပြန်လွှတ်ပေးမည်ဆိုသောမေးခွန်းကိုမူ ၎င်းတို့၏အခြေအနေကို စောင့်ကြည့်နေသည်ဟုသာ ဗိုလ်မှူးချုပ်သန်းထွန်းက ပြောဆိုသွားကြောင်း ရန်ကုန်ကပေးပို့သည့်အေဂျင်စီသတင်းများအရ သိရှိရသည်။ *အစသို့*

## ခွင်္သီးအကျဉ်းထောင်မှ လွတ်မြောက်သူများ အိမ်အပြန် စရိတ်မရှိ၍ အခက်အခဲတွေ့နေ

*၅ ၊ ဒီဇင်ဘာ ၊ ၂၀၀၃*

ခွင်္သီးထောင်မှ နိုင်ငံရေးအကျဉ်းသားများကိုပြန်လွှတ်ပေးလိုက်သော်လည်း ၎င်းတို့အားလုံး ပြန်စရာစရိတ်မရှိသည့်အတွက် ဒုက္ခရောက်နေကြောင်းအစောပိုင်းက သတင်းများထွက်ပေါ်နေသည်။ ထို့ကြောင့် ရန်ကုန်ရှိ အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ထံ မိဘတဦးက လာရောက်အကူညီတောင်းခံခဲ့သည်ဟု သိရသည်။ အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်တဦးဖြစ်သည့် ဦးညွန့်ဝေက ဒီဗွီဘီကို ယခုလိုပြောဆိုသည်။

"ဟုတ်တယ်။ ဗုဒ္ဓဟူးနေ့က ကျနော်တို့ သတင်းရတယ်။ ကျနော်တို့ဆီကို ဖခင်တယောက်လာတယ်။ ဒီလိုဒီလိုပဲ ကလေးတွေက ပြောတယ်တဲ့။ သူတို့အမြန်ပြန်ချင်တယ်၊ စရိတ်မရှိဘူး။ ဘယ်လိုလုပ်ရမလဲဆိုတော့ ကျနော်တို့က ဒီက ခုချက်ချင်းပို့လို့လည်း မရဘူးလေ။ ဆက်သွယ်ရေးက ဒီနေ့ပို့ရင် နောက်တနင်္ဂနွေတပါတ်လည်း ရောက်ချင်မှ ရောက်တာကိုး၊ ကချင်ပြည်နယ်ကို။ အဲတော့ ကျနော်တို့ ပြန်ပို့လိုက်တဲ့သတင်းကတော့ လာသာ လာခဲ့။ လူကြီးတွေနဲ့လာတွေ့။ တို့ စာရင်းရှင်းပေးမယ်။ လိုအပ်တဲ့အကူအညီကို ကျနော်တို့မှာ သက်သာချောင်ချိရေးအဖွဲ့ ရှိတယ်လေ။ Welfare fund ရှိတယ်။ အဲဒါ ကျနော်တို့ ပေးလိုက်မှာပေ့ါ။ ကျနော်တို့နားလည်တဲ့အတွေ့အကြုံအရ အကျဉ်းသားတယောက်ကို ဖမ်းပြီး ပြန်ပို့တဲ့အခါ အိမ်တိုင်ရာရောက် ပြန်ပို့ပါတယ်။ အခု ထူးထူးထွေထွေ ဘာဖြစ်လဲဆိုတာ ကျနော်တို့လည်း မပြောတတ်တော့ဘူး။ ခန့်မှန်းကြည့်ရတာ အပြင်မှာရောက်နေတယ်၊ အတိအကျတော့ မပြောတတ်ဘူး။ အဲဒီ ဖခင်ကြီးတယောက် ပြောသွားတာကတော့ အပြင်မှာပဲ ပြန်ဖို့ကြိုးစားနေတဲ့အကြောင်း ပြောသွားတယ်"

ပြီးခဲ့သည့်လက ကိုထွန်းဇော်ဇော် ပြန်လွတ်လာပြီးနောက် ခွင်္သီးထောင်တွင် ကျန်ရှိနေသူ ၁၆ ဦးမှာ အဖွဲ့ချုပ် ဗဟို တွဲဖက်လူငယ်တာဝန်ခံ ကိုမင်းလွင်၊ အလုံမြို့နယ်က ကိုမျိုးညွန့်၊ ကမာရွတ်မြို့နယ်က ကိုမျိုးသော် (ခေါ်) ကိုပေါက်၊ တာမွေ မြို့နယ်က ကိုမြင့်ကျော်၊ တောင်ဥက္ကလာပမြို့နယ်က ကိုသက်ထွန်း၊ ဒေါပုံမြို့နယ်က ကိုကျော်ဇင်ဝင်း၊ ရောဝတီတိုင်း ပုတောမြို့နယ်က ကိုတိုးလွင်၊ မကွေးတိုင်း ရေနံချောင်းအဖွဲ့ချုပ် လူငယ်က ကိုမြင့်ငွေနှင့် တက္ကသိုလ်ကျောင်းသားများ ဖြစ်ကြသော မေ ၃၀ ရက်နေ့က ဒေါ်အောင်ဆန်းစုကြည်၏ကားမောင်းခဲ့သူ ကိုကျော်စိုးလင်း၊ ကိုဇော်ဝင်းထွန်း၊ ကိုမျိုးဇော်အောင်နှင့် အခြား ၅ ဦးတို့ဖြစ်သည်။ ယခုလို ခွင်္သီးထောင်ကပြန်လွတ်လာသူများ ၎င်းတို့၏ နေအိမ်များသို့ပြန် ရောက်/မရောက် ဒီဗွီဘီက ဆက်သွယ်မေးမြန်းရာတွင် ရေနံချောင်းက ကိုမြင့်ငွေ၊ ပုတောက ကိုတိုးလွင့်၏မိတ်ဆွေများနှင့် မိုးကောင်းမြို့က ကိုမျိုးဇော်အောင်၏ဖခင်က ဒီဗွီဘီကို ယခုလိုပြောဆိုခဲ့သည်။

"မရောက်သေးဘူး။ လွတ်တယ်လို့တော့ သခင်ခင်ညွန့်တို့အိမ်က ဖုန်းဆက်တယ်။ မနေ့ကဆက်တာ။ သူတို့ရောက်ရင် စနေနေ့ လောက်မှရောက်မယ်လို့ပြောတယ်။ သဘက်ခါလောက်ပေ့ါ"

"ရန်ကုန်ကိုကျနော်မေးကြည့်တော့ ရန်ကုန်လည်းမရောက်သေးတော့ ရန်ကုန်ကလည်း သိပ်အတည် မပြုနိုင်သေးဘူးဖြစ်နေတယ်။ ပုတောမြို့နယ်မှာ သူက လူငယ်ခေါင်းဆောင်ပေ့ါ။ အဖွဲ့ချုပ်မှာ အောက်ဗမာပြည်လူငယ် ခေါင်းဆောင်ဖြစ်သွားတယ်။ အဲဒီကမှ ဒေါ်စုရဲ့ အနီးကပ်လုံခြုံရေးကို လိုက်ရင်းနဲ့ပါသွားတာ။ ရန်ကုန်ကိုတော့ လုံးလုံး ပြန်မရောက်သေးဘူးလို့ပဲပြောတယ်"

"ကျနော်လည်း အဲဒီကိစ္စကို ခွင်္သီးလှမ်းမေးမလို့စိတ်ကူးတုန်းရှိသေးတယ်ဗျ။ အခု ခေါ်လို့မရသေးလို့၊ စုံစမ်းနေတာပဲ။ သူပါတယ်/ မပါဘူးဆိုတာလည်းကျနော်မသိသေးဘူး။ ကျနော်ကလည်း သူတို့ဆီလှမ်းဆက်သွယ်ရတာက ခက်ခဲတယ်ဗျ။ အရေးအကြောင်းရှိလို့ သူ့ရဲ့သတင်း လှမ်းပေးတဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်ဗျာ။ နောက်ကိုလည်း အရေးကြီးတာများရှိရင် လှမ်းပြီး သတင်းပေးပေးပါဦး" *အစသို့*

## ထောင်သက်အရှည်ဆုံး နိုင်ငံရေးအကျဉ်းသား ကိုသက်ဝင်းအောင် ကျန်းမာရေးဆိုးလာ၍ မန္တလေးထောင်သို့ ပြောင်းရွှေ့

*၆ ၊ ဒီဇင်ဘာ ၊ ၂၀၀၃*

ထောင်သက်အရှည်ဆုံး နိုင်ငံရေးအကျဉ်းသားတဦးဖြစ်သည့် ကျောင်းသားခေါင်းဆောင် ကိုသက်ဝင်းအောင် ကျန်းမာရေး ဆိုးရွားလာသည့်အတွက် ခွင်္သီးထောင်ကမှ မန္တလေးထောင်သို့ မနေ့က ပြောင်းရွှေ့လိုက်ရကြောင်း သိရသည်။

၉၈ ကျောင်းသားလှုပ်ရှားမှုကြောင့် ထောင်ဒဏ် ၅၉ နှစ် ချမှတ်ခံထားရသည့် ကိုသက်ဝင်းအောင်သည် ထောင် တွင်းအခြေအနေများကို မကြေနပ်သောကြောင့် လွန်ခဲ့သည့်လ ၂၆ ရက်နေ့ကတည်းက ၎င်း၏အကျဉ်းခန်းလေးထဲတွင် အစာတော်ခံမတ်တပ်ရပ် ဆန္ဒပြနေခဲ့ခြင်းဖြစ်သည်။ ညအချိန်တွင်လုံးဝအိပ်စက်ခြင်းမရှိသလို သမံတလင်းပေါ် ၌ မတ်တပ် ရပ်လိုက်–ထိုင်လိုက် ဆန္ဒပြနေကြောင်း၊ အင်အားချိနဲ့နေပြီး ကျန်းမာရေးဆိုးရွားလာခြင်းဖြစ်သည်ဟု အမည်မဖော်လိုသည့် ထောင်ဝန်ထမ်းတဦးက ပြောဆိုသည်။ အာဏာပိုင်များက မြို့နယ်ဆရာဝန်ကို ခေါ်ပေးခဲ့သော်လည်း ကိုသက်ဝင်းအောင်က ဆေးကုမခံခဲ့ကြောင်းလည်း သိရသည်။ မနေ့ကဒီပဲယင်းလုပ်ကြံမှုအတွင်း အဖမ်းဆီးခံခဲ့ရပြီး ခန္တီးထောင်မှ ပြန်လွှတ်ပေးသူ ၁၆ ဦးနှင့်အတူ ကိုသက်ဝင်းအောင်ကို အာဏာပိုင်များက မန္တလေးအထိလေယာဉ်နှင့်ခေါ်ဆောင်လာခဲ့ခြင်းဖြစ်သည်။ အသားအရေဝါဖျော့ပြီး ပိန်ခြုံးနေသည့်အတွက် ကိုသက်ဝင်းအောင်အား မြင်ရသူတိုင်း စိတ်မကောင်းဖြစ်နေကြသည်ဟုလည်း ပြန်လွှတ်လာသူများက ပြောပြသည်။ မနေ့ကပြန်လွှတ်လာသည့် တာမွေမြို့နယ်မှ ကိုမြင့်ကျော်နှင့် ကိုသက်ဝင်းအောင်တို့သည် အိမ်နီးနားချင်းများဖြစ်သောကြောင့် ကျန်းမာရေးဂရုစိုက်ရန်နှင့် စိတ်ဓါတ်မကျရန် အားပေးခဲ့သည် ဟုလည်း ကိုမြင့်ကျော်က ပြောဆိုသည်။ ကိုမြင့်ကျော်တို့ကို မန္တလေးမှ ရန်ကုန်အထိ လေယာဉ်နှင့်ခေါ်ဆောင်ခဲ့သော်လည်း ထိုလေယာဉ်ပေါ်တွင် ကိုသက်ဝင်းအောင်ဆက်လက်မပါဝင်သောကြောင့် ၎င်းကို မန္တလေးထောင်မှာ ဆက်လက် ချုပ်နှောင်ထားခြင်းဖြစ်နိုင်သည်ဟုလည်း ကိုမြင့်ကျော်က ပြောဆိုသည်။ ယခုအချိန်တွင် ကိုသက်ဝင်းအောင်သည် ငှက်ဖျားရောဂါ၊ သွေးအားနည်းရောဂါနှင့် စိတ်ကျရောဂါများခံစားနေရကြောင်းလည်း ခန္တီးထောင်မှ ပြန်လွှတ်လာသူများ၏ ပြောပြချက်အရ သိရသည်။ အစသို့

## ခန္တီးထောင်မှ လွှတ်မြောက်လာသူ ၁၆ ဦး နေအိမ်များသို့ ပြန်လည်ရောက်ရှိကြပြီ

*၆ ၊ ဒီဇင်ဘာ ၊ ၂၀၀၃*

ဒီပဲယင်းအကြမ်းဖက်မှုအတွင်း အဖမ်းဆီးခံခဲ့ရသည့် ခန္တီးထောင်မှ နိုင်ငံရေးအကျဉ်းသား ၁၆ ဦး မနေ့ညပိုင်းတွင် ၎င်းတို့၏ နေအိမ်များကို အသီးသီးပြန်လည်ရောက်ရှိကြပြီဟု သိရသည်။

၎င်းတို့ကို ယခုလ ၂ ရက်နေ့ကတည်းက ပြန်လွှတ်ပေးခဲ့ခြင်းဖြစ်သော်လည်း လေယာဉ်ခရီးစဉ်စောင့်နေရခြင်းကြောင့် မနေ့ကမှ ခန္တီးမှ မန္တလေးသို့ရောက်ရှိလာခြင်းဖြစ်သည်။ မန္တလေးလေယာဉ်ကွင်းတွင် သက်ဆိုင်ရာ ပြည်နယ်/တိုင်း အသီးသီးရှိထောက်လှမ်းရေးတပ်များက လာခေါ်သွားကြပြီး ထိုမှတဆင့် ၎င်းတို့၏နေအိမ်များကို ပြန်ပို့ပေးခဲ့သည်ဟု သိရသည်။ ယခုပြန်လွှတ်လာသူ ၁၆ ဦးထဲတွင် မကွေးတိုင်း၊ ရေနံချောင်းမြို့မှ အောက်ဗမာပြည် လူငယ်ဖွဲ့စည်းရေးတာဝန်ခံ ကိုမြင့်ဌွေလည်း ပါဝင်သည်။ ကိုမြင့်ဌွေကို မိတ္ထီလာ ထောက်လှမ်းရေးတပ်မှ တဆင့် ရေနံချောင်း ထောက်လှမ်းရေးတပ်ဆွယ်က အိမ်တိုင်ရာရောက် လာပို့ပေးသွားသည့်အကြောင်း မြို့နယ်အဖွဲ့ချုပ်အတွင်းရေးမှူး ဦးမောင်မောင်က ဒီဗွီဘီ ကို ယခုလို ပြောဆိုသည်။

"မနေ့ည ၁၁ နာရီခွဲလောက်က ပြန်ရောက်တယ်လို့ကြားရပါတယ်ခင်ဗျ။ မိတ္ထီလာ ထောက်လှမ်းရေးတပ် ၁၅ ကို ထောက်လှမ်းရေးနဲ့ ရဲက သွားခေါ်ပါတယ်။ ၅ ရက်နေ့ ၁၀ နာရီလောက်ကမန္တလေးကို လေယာဉ်နဲ့ထွက်လာတယ်။ မန္တလေးကနေ မိတ္ထီလာထောက်လှမ်းရေးတပ်ကို ပို့ပေးတယ်။ မိတ္ထီလာထောက်လှမ်းရေးတပ်ကို ရေနံချောင်းတပ်ဆွယ်မှူးနဲ့ ဒုရဲအုပ်က သွားခေါ်ပါတယ်။ အိမ်တိုင်ရာရောက် ရယက အဖွဲ့လူကြီးနဲ့ အပ်ခဲ့တာပေါ့"

ထို့အတူ မေ ၃၀ ရက်နေ့က ဒေါ်အောင်ဆန်းစုကြည်၏ကားကိုမောင်းခဲ့သည့် မန္တလေးမှ ကိုကျော်စိုးလင်းလည်း မနေ့ညပိုင်းက အိမ်ပြန်ရောက်လာသည့်အကြောင်း မိခင်ဖြစ်သူက ယခုလို ပြောဆိုသည်။

"ဟုတ်ကဲ့ရှင့်၊ မနေ့ညနေက ပြန်ရောက်ပါတယ်။ သူတို့အဖွဲ့တွေပဲ လာပို့တာ။ နည်းနည်းတောင်ဝလာတယ်။ ထမင်းဆိပ်တက်တာတွေ ဘာတွေလည်း ဖြစ်ချင်ဖြစ်မှာပေ့ါ။ အထဲနေရတော့လေ။ လှုပ်လှုပ်ရှားရှား မရှိတော့။ နောက်ပိုင်းကျတော့ ထင်းတွေဘာတွေခုတ်၊ ရေခပ် ဘာခပ်နဲ့ဆိုတော့ ကျန်းမာရေးနဲ့ညီညွတ်သွားတာဖြစ်မှာပေ့ါ။ ကြက်ခြေနီအဖွဲ့ ရောက်ပြီး ပြန်လာမှ အဲလိုအပြင်ထွက်ခွင့်ပြုတာပေ့ါ။ လက်မှတ်ကတော့ ဒီရောက်မှ သူတို့ထိုးခိုင်းတာ။ ပါဝင်ပတ်သက်မှု မရှိလို့ လွှတ်ပေးတယ်ပေ့ါ။ မမှန်စကားတွေပြောမိရင် ပြန်ပြီး အရေးယူချုပ်မယ်ပေ့ါ။ စာထဲမှာ အဲလိုမြင်လိုက်တာ။ မသေလို့တွေ့ရတာ။မသေလို့တွေ့ရတာ။ အမှန်ကတော့ နှစ်ခါမသေလို့တွေ့ရတယ်လို့ပြောရမှာပေ့ါ။ ထောင်ထဲမှာလည်း မသေလို့"

ရန်ကုန်မြို့က အဖွဲ့ချုပ်လူငယ်များဖြစ်သည့်တာမွေမြို့နယ်မှ ကိုမြင့်ကျော်နှင့် တောင်ဥက္ကလာမှကိုသက်ထွန်း အပါအဝင် ကျန်လူအားလုံးလည်း ၎င်းတို့၏နေအိမ်များကို အသီးသီးပြန်ရောက်ကြပြီဟု သိရသည်။ သို့သော် ဒီပဲယင်း အကြမ်းဖက်မှုအတွင်း အဖမ်းဆီးခံထားရသူများထဲမှ ရွှေဘိုထောင်တွင် ၁၀ ဦးနှင့် ကလေးမြို့ထောင်တွင် ၄ ဦး ကျန်ရှိနေဆဲ ဖြစ်သည်။ ကလေးမြို့ထောင်တွင် အဖွဲ့ချုပ်ဒုဥက္ကဋ္ဌ ဦးတင်ဦးနှင့် ၄ ဦးဖြစ်ပြီး ရွှေဘိုထောင်၌ မန္တလေးတိုင်းစည်း ဒေါ်ဝင်းမြမြ နှင့် ၁၀ ဦး ဆက်လက် ဖမ်းဆီးခံထားရဆဲဖြစ်သည်။ အစသို့

## နှစ်ရှည်ထောင်ဒဏ်ကျခံနေရသော သင်္ဃန်းကျွန်းအဖွဲ့ချုပ် အတွင်းရေးမှူးဒေါ်အေးမြင့်သန်း၏ အခြေအနေ

*၆ ၊ ဒီဇင်ဘာ ၊ ၂၀၀၃*

ဒီပဲယင်းလုပ်ကြံမှုအတွင်း ဖမ်းဆီးခံခဲ့ရသူ ၁၄ ဦးအပြင် ဒီပဲယင်း မတိုင်မီကတည်းက ဖမ်းဆီးခံထားရသော နှစ်ရှည် နိုင်ငံရေးအကျဉ်းသားများလည်း ၁ ထောင်ကျော် ကျန်ရှိနေဆဲဖြစ်သည်။ ထိုအထဲ၌ ထောင်ဒဏ် ၂၁ နှစ်နှင့် ၄၂ နှစ်စီ ချမှတ်ခံထားရသော သင်္ဃန်းကျွန်းမြို့နယ် အဖွဲ့ချုပ်အတွင်းရေးမှူး ဒေါ်အေးမြင့်သန်းနှင့် သမီး မနှင်းမေအောင်တို့လည်း ပါဝင်သည်။ ၎င်းတို့ကို ၁၉၉၈ ခုနှစ်တွင်စစ်ထောက်လှမ်းရေးကဖမ်းဆီးပြီး ယခု မြောင်းမြထောင်တွင် ချုပ်နှောင်ထားခြင်း ဖြစ်သည်။ ယခုချိန်တွင် အသက် ၅၁ နှစ်အရွယ်ရှိပြီဖြစ်သော ဒေါ်အေးမြင့်သန်းသည် အရိုး

ကျည်းပေါင်းတက်ရောဂါ၊ မီးယပ် ရောဂါနှင့် လေဖြတ်ရောဂါများကြောင့် လမ်းကောင်းကောင်း မလျှောက်နိုင်ကြောင်း သိရသည်။ ပြီးခဲ့သည့်လ ၂၉ ရက်နေ့က ထောင်ဝင်စာသွားတွေ့ခဲ့သော ဒေါ်အေးမြင့်သန်း၏သမီး နိုက်တင်ဂေးလ် က ဒီဗွီဘီကို ယခုလို ပြောပြသည်။

"မေမေ့ဆီ တလကို နှစ်ခေါက်သွားနိုင်ပေမယ့်သမီးက တလတခေါက် မှန်မှန်ရောက်ပါတယ်။ ပြီးခဲ့တဲ့လတုန်းကတော့ မေမေဟာ နှစ်ယောက်တွဲထုတ်မှ ရတယ်လေ။ ထောင်မှူးက တဖက်၊ မမက တဖက်တွဲခေါ်လာရတယ်ပေါ့။ အခု တခေါက်မှာတော့ မေမေတုတ်ကောက်နဲ့ ထော့နဲ့ထော့နဲ့ထွက်လာတာပါ။ ကိုယ်နဲ့ကိုယ့်အမေက သံဇကာနှစ်ခု ခြားပြီး တွေ့ရတာ၊ အသားချင်းထိတွေ့ခွင့်ကလည်း မရှိဘူး။ သူ့ပုံစံက လည်း အရမ်းပဲ Pale ဖြစ်နေတယ်။ သမီးကိုတွေ့တဲ့အခါ ဝမ်းသာတယ်။ ဒါပေမယ့် သူကိုယ်တိုင်လည်းပြောချင်တဲ့စကားကို လွတ်လွတ် လပ်လပ် ပြောခွင့်မရတော့ အားမလိုအားမရနဲ့ပေါ့။ ပိန်လည်း တအားပိန်သွားတယ်။ အရင်ကနဲ့စာရင် နှစ်ဆနီးပါးကို ပိန်သွားပါတယ်။ အခုဆို ရင် မေမေ့မှာက လည်ပင်းကျိပေါင်းရောဂါရယ်၊ ခါးကျိပေါင်းရောဂါရယ် ခံစားနေရပါတယ်။ သွေးဆုံးရောဂါလည်း ဖြစ်နေပါတယ်"

အသက် ၂၀ ကျော်အရွယ်တွင် ထောင်ဒဏ် ၄၂ နှစ်ချမှတ်ခံခဲ့ရသော်လည်း အမ နှင်းမေအောင်မှာ သူမ၏ ယုံကြည်ချက်အတိုင်း အကျဉ်းထောင်အတွင်း ခိုင်မာစွာ ဆက်လက်ရပ်တည်နေသည်ဟုလည်း နိုက်တင်ဂေးလ်က ပြောဆိုသည်။ ထို့ပြင် နိုင်ငံတကာလွတ်ငြိမ်း ချမ်းသာခွင့်အဖွဲ့နှင့်သာ တွေ့ခွင့်ရမည်ဆိုလျှင် သူမ၏မိခင်နှင့် အမဖြစ်သူတို့ လွတ်မြောက်ရေး တင်ပြချင်သည့်အကြောင်းလည်း နိုက်တင်ဂေးလ် က ယခုလို ဆက်ပြောဆိုသည်။

"မမကတော့ အင်းစိန်ကို သွားတွေ့တွေ့နေတော့ လက်သီးကိုဆုပ်၊ အံကြိတ်ပြီးတော့ပဲ 'မမကတော့ ၄၂ နှစ် ချခံထားရတယ်။ မိန်းကလေးထဲမှာတော့ ငါဟာ ထိပ်ဆုံးကပဲ။ နှစ်အရှည်ဆုံးပဲ။ နောက်ပြီးတော့ ဒီကျခံခြင်းရဲ့အပေါ်မှာ ငါ ဘယ်တော့မှ အရှုံးမပေးဘူး။ ငါ ဘယ်တော့မှ ဒူးမထောက်ဘူး' လို့ပဲ သွားကြည့်တဲ့အခါတိုင်း အမြဲပြောပါတယ်။ သူ့စိတ်ဓာတ်ကို အတတ်နိုင်ဆုံး တည်ဆောက်ထားတယ် ဆိုတာ ကျမတွေ့ပါတယ်။ 'ငါတို့ဟာ အပြစ်မရှိဘဲ ကျခံနေကြရတဲ့သူတွေဖြစ်တဲ့အတွက်ကြောင့် ဘယ် သဘောတူညီချက်နဲ့မှ ငါထွက်လာမှာ မဟုတ်ဘူး။ ခြွင်းချက်မရှိ လွတ်ပေးမှသာ ငါ ထွက်လာမယ်' လို့ မမက အမြဲပြောပါတယ်။ ဒါကတော့ သူ့ရဲ့ယုံကြည်ချက်ပါ။ တောင်းဆိုခွင့် ရမယ်ဆိုရင် Amnesty ကိုတော့ ကျမအနေနဲ့ တောင်းဆိုချင်ပါတယ်။ သူတို့တွေဟာ တက္ကသိုလ်ကျောင်းသူတယောက်ဖြစ်တယ်။ အင်မတန်မှ ဖြူစင်တဲ့ကျောင်းသူတယောက်ဖြစ်ပါတယ်။ ဒီလိုလူတယောက်ကို ၄၂ နှစ် ချထားတယ်ဆိုတာဟာ လူသားချင်းစာနာမှုကင်းမဲ့စွာနဲ့ ချထား တာဖြစ်တယ်ဆိုတာ ကျမပြောချင်ပါတယ်။ နောက်ပြီးတော့ ထောင်ထဲမှာနေရတဲ့အခြေအနေနဲ့ မေမေ့ကျန်းမာရေးနဲ့ ဘယ်လိုမှ မအပ်စပ်နိုင်ဘူး ဆိုတာလည်း ကျမပြောချင်ပါတယ်။ မိသားစုရဲ့ဆန္ဒရော၊ သူတို့ရဲ့ဆန္ဒရောဟာ သူတို့ကိုလွတ်ပေးမယ်ဆိုရင် ခြွင်းချက်မရှိ လွတ်ပေးမှ လက်ခံ မယ်ဆိုတာ အဓိကထားပြီးပြောချင်ပါတယ်" အစသို့

## နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အင်းစိန်ထောင်သို့ဝင်ရောက်စစ်ဆေး

*၈ ၊ ဒီဇင်ဘာ ၊ ၂၀၀၃*

ရန်ကုန်မြို့ကိုရောက်ရှိနေသည့် နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (AI) က ကိုယ်စားလှယ် ၂ ဦး ယနေ့ အင်းစိန် ထောင်ကို သွားရောက် စစ်ဆေးကြောင်း သိရှိရသည်။ ထို စစ်ဆေးမှုအတွင်း မကြာသေးခင်က သေဒဏ်အပြစ်ပေးခံရသည့် First Eleven ဂျာနယ်အယ်ဒီတာ ကိုဇော်သက်ထွေးနှင့် အခြား ၈ ဦးကို တွေ့ဆုံခဲ့ကြောင်း ရန်ကုန်အခြေစိုက် သံတမန် များနှင့် နိုင်ငံရေးသတင်းရပ်ကွက်က ပြောဆိုသည်။

အမည်မဖော်လိုသည့် အကျဉ်းဦးစီးဌာနအရာရှိတဦးကလည်း AI အဖွဲ့ အင်းစိန်ထောင်ကို ယနေ့ လာရောက် စစ်ဆေးခဲ့ကြောင်း အတည်ပြု ပြောကြားလိုက်သည်။ သို့သော်လည်း မည်သူနှင့်တွေ့ဆုံသည်ကိုမူ အသေးစိတ်ပြောဆိုရန် ၎င်းက ငြင်းဆိုခဲ့သည်။ AI အဖွဲ့သည် ယခုလ ၂ ရက်နေ့ကတည်းက ရန်ကုန်မြို့ကိုရောက်ရှိနေခြင်းဖြစ်ပြီး ၁၇ ရက်နေ့အထိ စစ်ဆေးမည် ဖြစ်သည်။ လာမည့်ရက်ပိုင်းအတွင်း ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အဖွဲ့ချုပ်ခေါင်းဆောင်များ တိုင်းရင်းသား ခေါင်းဆောင်များနှင့် တွေ့ဆုံမည်ဟုလည်း သိရှိရပြီး ဒီပဲယင်း အရေးအခင်းကို စုံစမ်းလိမ့်မည်ဟု ယူဆရသည်။

ယခုခရီးစဉ်သည် AI အဖွဲ့၏ ဒုတိယခရီးစဉ်ဖြစ်ပြီး ဒီပဲယင်းအရေးအခင်းနောက်ပိုင်း ပထမဆုံးရောက်ရှိလာသည့် နိုင်ငံတကာ လူ့အခွင့် အရေးအဖွဲ့အစည်းတခုလည်း ဖြစ်သည်။ ဒီပဲယင်းအရေးအခင်းအတွင်း ဖမ်းဆီးခံရသူ လူငယ် ၁၆ ဦး ကို ယခုရက်ပိုင်းအတွင်း နအဖက ပြန်လွှတ်ပေးခဲ့သော်လည်း အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်ဦးအပါအဝင် လွှတ်တော် ကိုယ်စားလှယ်တချို့မှာ ကလေးမြို့ အကျဉ်းထောင်၌ ဖမ်းဆီးခံနေရဆဲဖြစ်သည်။ ထို့ပြင် ဒဏ်ရာပြင်းထန်စွာရထားသည့် မန္တလေးမှ ဒေါ်ဝင်းမြမြအပါအဝင်လူနာအချို့လည်း ရွှေဘိုထောင်၌ရှိနေဆဲ ဖြစ်သည်။ အလားတူပင် ဒေါ်အောင်ဆန်းစုကြည်၊ ဦးအောင်ရွှေနှင့် ဦးလွင်တို့လည်း ယခုချိန်ထိ အကျယ်ချုပ်ထိန်းသိမ်းခံနေရဆဲဖြစ်ကြောင်း သိရှိရသည်။ အစသို့

## ဒေါ်အောင်ဆန်းစုကြည်၏အသက်ကို ကယ်တင်ခဲ့သူ ကိုကျော်စိုးလင်းနှင့် ဒီမိုကရက်တစ်မြန်မာ့အသံတို့ ဆက်သွယ် မေးမြန်းချက်

*၉ ၊ ဒီဇင်ဘာ ၊ ၂၀၀၃*

မေ ၃၀ ဒီပဲယင်းအကြမ်းဖက်မှုအတွင်း ဖမ်းဆီးခံခဲ့ရပြီး ခန္တီးထောင်တွင် ချုပ်နှောင်ခံထားရသော လူငယ်တွေအားလုံးကို နအဖက ယခုလ ၂ ရက်နေ့တွင် ပြန်လွှတ်ပေးခဲ့သည့်အကြောင်း သတင်းထုတ်လွှင့်ခဲ့ပြီးဖြစ်သည်။ ထိုသို့ ပြန်လွှတ်လာသူများထဲတွင် ဒီပဲယင်းခရီးစဉ်အတွင်း ဒေါ်အောင်ဆန်းစုကြည်၏ကားကို ကိုယ်တိုင်မောင်းပေးခဲ့သည့် ကိုကျော်စိုးလင်းလည်း ပါဝင်သည်။ ကိုကျော်စိုးလင်းသည် ဒေါ်အောင်ဆန်း စုကြည်ကို အသက်အန္တရာယ်ကြားကကယ်ထုတ်ခဲ့သူအဖြစ် အများအပြားကပြောဆိုနေကြသော်လည်း ကိုကျော်စိုးလင်းက ဒေါ်အောင်ဆန်း စုကြည်၏ ဘုန်းတန်ခိုးနှင့် ပြည်သူများ၏ မေတ္တာကြောင့် လွတ်မြောက်ခဲ့ခြင်းဖြစ်သည်ဟု ဒီဗွီဘီနှင့်မေးမြန်းခန်းတွင် ပြောဆိုသွားသည်။

ဒီပဲယင်းအကြမ်းဖက်မှုဖြစ်နေစဉ်တွင် အဖွဲ့ချုပ်ဝင်တွေအပါအဝင် ပြည်သူတွေအပေါ်ထားရှိသည့် ဒေါ်အောင်ဆန်းစုကြည်၏ သဘောထား အကြောင်း သူက ယခုလို စတင် ပြောပြထားသည်။

"အန်တီက မေတ္တာတရား အလွန်ကြီးမားတယ်ဗျ။ ခေါင်းဆောင်ကောင်း အလွန် ပီသပါတယ်။ ဒီ ဖြစ်စဉ်မှာ လူတွေက ကျနော်တို့ကို ရိုက်တဲ့အခါမှာ နောက်က လူတွေအားလုံးက ကားကို အတင်းမောင်းခိုင်းကြတယ်ဗျ။ အဲဒီတော့ 'ပြည်သူတွေကို ဒီအတိုင်း ထားခဲ့လို့ ရ မလား'လို့ အန်တီကပြောတယ်။ နောက်ပြီးတော့ ရုံးရောက်တော့ သူ့ကို သီးသန့် လာခေါ်တယ်ဗျ။ အဲဒီရုံးမှာလည်း သူကပြောတယ် 'ရှင်တို့ ဥပဒေအရ ဆောင်ရွက်မယ်ဆိုရင်တော့ ကျမ လိုက်ခဲ့မယ်။ ဥပဒေအရ မဆောင်ရွက်ဘူးဆိုရင် ကျမကလေးတွေနဲ့ကျမ လုံးဝမခွာနိုင် ဘူး'လို့ပြောတယ်။ သူက ခေါင်းဆောင်ကောင်း ပီသပြီးတော့ မေတ္တာတရားကြီးမားတာပေါ့။ အဲဒီ ကားမောင်းတဲ့ကိစ္စကလည်း ကျနော်တော် လို့မဟုတ်ပါဘူး။ အန်တီရဲ့ ဘုန်းတန်ခိုးနဲ့ ပြည်သူတွေရဲ့မေတ္တာကြောင့် လွတ်တယ်လို့ပဲ ကျနော်ယုံကြည်ပါတယ်"

မေး ။ ။ ကိုကျော်စိုးလင်းကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက်လေး ပြောပြလို့ ရမလားရှင့်။ ပထမဆုံး အခြေအနေကနေ စပြီးတော့။

ဖြေ ။ ။ သူတို့က နောက်နေပြီးတော့ ရိုက်ကြနှက်ကြတယ်။ ကျနော်တို့ကားကို သူတို့က မောင်းခိုင်းတယ်။ လူတွေအားလုံးက မောင်းခိုင်း တယ်။ လူတွေက နှုတ်ဆက်စကားပြောဖို့ ကျနော်တို့ကားကိုရပ်ခိုင်းတယ်။ ကျနော်က ကားကို ရပ်ပေးလိုက်တယ်။ ရပ်ပေးပြီးတော့မှ နောက် ကနေ သတင်းတခုရောက်လာတယ်။ ကြိုဆိုတဲ့လူတွေက နောက်ကလူတွေကို ရိုက်တယ်၊ အရိုက်ခံနေရတယ်လို့ သတင်းကြားရတယ်ဗျ။ တဆင့်ပြီးတဆင့် ကျနော်တို့ကားတွေကိုပါ ရိုက်လာတာ။ နောက်ကနေ သတင်းတခုထပ်ပြီး ရောက်လာတယ်။ ကျနော်တို့ကို အပြေးခိုင်းတယ်။ အဲတော့ အန်တီက 'ပြည်သူ တွေကို ဒီအတိုင်းထားခဲ့လို့ ဘယ်ဖြစ်မလဲ'လို့ ပြောတယ်ဗျ။ ကျနော်တို့ကားကိုပါ သူတို့က ဆက်ရိုက်တယ်ဗျ။ ကားက မှန်တွေအကုန်လုံး ကွဲသွားတယ်။ ကျနော်ကလည်း အန်တီရဲ့အသက်အန္တရာယ် စိုးရိမ်ရတဲ့အခြေအနေရောက်လာတော့ မောင်းထွက် ရတဲ့အခြေအနေဖြစ်လာတယ်။

မေး ။ ။ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်ရော ဒဏ်ရာရတာမျိုး မြင်တွေ့ရလားရှင့်။

ဖြေ ။ ။ ကျနော်ကတော့ ဟိုရောက်တဲ့အထိ ကောင်းကောင်း ဂရုမစိုက်မိသေးဘူးဗျ။ သူများတွေကတော့ လည်ပင်းရှသွားတယ်လို့ မြင်ကြတယ်။ အားလုံးကလည်း အဲလိုပဲ ပြောကြတယ်ဗျ။

မေး ။ ။ ကိုကျော်စိုးလင်းကိုယ်တိုင်ရော ထိခိုက်မှုရှိပါသလားရှင်။

ဖြေ ။ ။ ကျနော်ကတော့ ညာဖက်လက် မှန်စ စင်တာရယ်၊ ခေါင်းမှာ နှစ်ချက်ထိတာပေါ့။ အုတ်ခဲနဲ့တချက်၊ နောက်တချက်တော့ ဘာနဲ့ လည်းမသိဘူး ခေါင်းနည်းနည်း ပေါက်သွားတယ်ဗျ။

မေး ။ ။ ကိုကျော်စိုးလင်းတို့ကားက ဘယ်မှာပိတ်ပြီးတော့ အဖမ်းခံရတယ်ဆိုတာရော ပြောပြလို့ရမလားရှင့်။

ဖြေ ။ ။ ကျနော်တို့က ရေဦးကို ရောက်သွားတယ်ဗျ။ ကျနော်တို့တစီးထဲ ရောက်သွားတယ်။ ဝါးလုံးဂိတ် ပိတ် ထားတာရှိတယ်။ ဂိတ်က အဖိုးကြီးနှစ်ယောက် သုံးယောက်လောက်က ကျနော်တို့ကားကို ရေဦးမြို့ထဲ ဝင်ခွင့်မပြုဘူး။ သူတို့ အတွင်းကို သွားပြီးအကြောင်းကြားတယ်။ အတွင်းကနေ ရဲတွေ ဘာတွေနဲ့လုပ်နေကြတယ်။ နောက်က တပ်မှူး တယောက်ရောက်လာပြီး သူတို့နဲ့ ရဲစခန်းကိုလိုက်ခဲ့ဖို့ ခေါ်သွားတယ်ဗျ။ လာခေါ်သွားတော့ မော်တော်ပီကယ် ဆိုင်ကယ် သုံးလေးစီးနဲ့ ရဲကား နှစ်စီး သုံးစီးလောက်ရှိမယ် ထင်တယ်။ နောက်က တပ်မှူးကားက တစီးထဲ။ အဲလောက်ပဲ ကျနော် မြင်တယ်။

မေး ။ ။ နောက် အန်တီစုနဲ့ ကိုကျော်စိုးလင်း တို့ကို ဘယ်လိုခွဲလိုက်တယ်ဆိုတာရော ပြောပြလို့ရမလားရှင့်။

ဖြေ ။ ။ ရေဦးရောက်တော့ သူတို့က အန်တီကို သီးသန့်ခွဲထုတ်ဖို့ပြောကြတယ်။ လာခေါ်ကြတယ်။ အန်တီက ဒီကနေ သူတယောက်ထဲ မလိုက်နိုင်ဘူး။ "ဥပဒေအရ ဆောင်ရွက်မယ်ဆိုရင် ကျမလိုက်ခဲ့မယ်။ ဥပဒေအရ မဆောင်ရွက်ဘူးဆိုရင် ကျမ ကလေးတွေနဲ့ ကျမ မခွာနိုင် ဘူး"လို့ ပြောပါတယ်။ တော်တော်ကြာတော့ သူတို့က 'ဥဒေအရ ဆောင်ရွက်ပါမယ်'ဆိုပြီးတော့ အန်တီကို သီးသန့်ခေါ်သွားပါတယ်။ ကျနော် တို့တတွေကို အားလုံး ရေဦးအချုပ်ထဲထည့်ထားတာပေါ့။ ရေဦးအချုပ်မှာ ကျနော်တို့ နှစ်ညအိပ်ခဲ့တယ်။ နောက် ရွှေဘိုကိုရောက်တယ်။ ရွှေဘို မှာ တညအိပ်ပြီးတော့ ခန္တီးကို လေယာဉ်နဲ့ပို့ပါတယ်။ ရွှေဘိုကနေ ကုန်ကားကြီးနဲ့ တံတားဦးထိခေါ်သွားပါတယ်။ တံတားဦးကနေ လေယာဉ်နဲ့ ပို့ပေးပါတယ်။ ခန္တီးကိုပေါ့။

တက္ကသိုလ်ကျောင်းသားတဦးဖြစ်သည့် ကိုကျော်စိုးလင်းသည် မန္တလေးတိုင်းအဖွဲ့ချုပ်ဘဏ္ဍာရေးမှူး ဦးကိုကိုကြီး၏သား ဖြစ်သည်။ ဦးကိုကိုကြီးမှာ ဇူလိုင်လအတွင်း သားဖြစ်သူကို ခန္တီးထောင်၌ ထောင်ဝင်စာသွားတွေ့ပြီးအပြန် စစ်ထောက်လှမ်းရေးက လေယာဉ်ကွင်းတွင် ဆီးကြိုဖမ်းဆီးခဲ့ပြီး ယခု မန္တလေးထောင်တွင် ချုပ်နှောင်ခံထားရဆဲဖြစ်သည်။ အစသို့

## အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့် ကိုယ်စားလှယ် ၂ ဦး မော်လမြိုင် အကျဉ်းထောင်သို့ သွားရောက်

*၁၀ ၊ ဒီဇင်ဘာ ၊ ၂၀၀၃*

မြန်မာနိုင်ငံကိုရောက်ရှိနေသည့် အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ ကိုယ်စားလှယ် ၂ ဦး မနေ့က ညနေ ၃ နာရီခန့်က ကရင်ပြည် နယ်၊ ဖားအံမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထွေးမြင့်ကို သွားရောက်တွေ့ဆုံခဲ့ကြောင်း သိရသည်။ မော်လမြိုင်ထောင်ရှိ နိုင်ငံရေး အကျဉ်းသားများကိုသွားရောက် မတွေ့ဆုံမီ ဝင်ရောက်သတင်းမေးခြင်းဖြစ်ကြောင်း ဒေါ်နန်းခင်ထွေးမြင့်က ဒီဗွီဘီကိုပြောဆိုသည်။

လွတ်ငြိမ်းချမ်းသာခွင့်ကိုယ်စားလှယ် ၂ ဦးဖြစ်သည့် ကက်သရင်းဘက်တာနှင့် ဒေါ်နာဂတ်စ်တို့က ၎င်းတို့အနေဖြင့် နိုင်ငံရေး အကျဉ်းသားများ၏ လူ့အခွင့်အရေးအခြေအနေတိုးတက်ရန် ဆောင်ရွက်မည်ဖြစ်ကြောင်း ရှင်းပြခဲ့ကြပြီး ဒေါ်နန်းခင်ထွေးမြင့်ကလည်း

မော်လမြိုင်ထောင်ရှိ သူမ တွေ့ဆုံခဲ့သော နိုင်ငံရေးအကျဉ်းသားများအကြောင်း ပြန်လည်ပြောပြခဲ့သည်ဟုသိရသည်။ လွတ်ငြိမ်းချမ်းသာခွင့် ကိုယ်စားလှယ် ၂ ဦးနှင့် တွေ့ဆုံခဲ့ရပုံကို ဒေါ်နန်းခင်ထွေးမြင့်က ယခုလိုပြောပြသည်။

"ကျမဆီလာတာကတော့ မော်လမြိုင်ထောင်သွားရင်းနဲ့ လမ်းကြုံလို့ ဝင်လိုက်တာပေါ့။ ဖားအံဘက်က သွားရတာကိုး။ သူတို့က အသွားမှာ ဝင်တာဆိုတော့ မော်လမြိုင်ထောင်မှာ ဘယ်သူနဲ့တွေ့မယ်ဆိုတာတော့ ကျမ မသိရဘူး။ ဒါပေမယ့် သူတို့ကျမအိမ်မှာ ရှင်းပြတာက တော့ နိုင်ငံရေးအကျဉ်းသားတွေရဲ့ လူ့အခွင့်အရေးဆုံးရှုံးနေတာတွေ။ ယုံကြည်ချက်ကြောင့် အခွင့်အရေးဆုံးရှုံးနေရတဲ့ နိုင်ငံရေးအကျဉ်းသား တွေရဲ့ အခက်အခဲတွေကို မေးမြန်းဖို့အတွက် လာကြတာလို့ ရှင်းပြပါတယ်။ ကျမကတော့ ပြောပြလိုက်ပါတယ်။ မော်လမြိုင်ထောင်မှာ ယုံကြည်ချက်ကြောင့် လူ့အခွင့်အရေး ဆုံးရှုံးနေရ တဲ့လူကြီးတွေအကြောင်းတော့ ပြောပြလိုက်ပါတယ်"

၁၉၉၈ခုနှစ် သူမအဖမ်းခံရစဉ်က မော်လမြိုင်ထောင်တွင် အတူနေထိုင်ခဲ့ရသည့် အမျိုးသမီးနိုင်ငံ ရေးအကျဉ်းသူ ၂ ဦးနှင့် နိုင်ငွေသိန်း၊ ဒေါက်တာမင်းစိုးလင်း၊ဒေါက်တာမင်းကြည်ဝင်းတို့အကြောင်း ပြောပြခဲ့ပုံကိုလည်း ဒေါ်နန်းခင်ထွေးမြင့်က ယခုလို ဆက်လက်ပြောပြသည်။

"ကျမက အဲဒီအချိန်တုန်းက ပြောလိုက်တာက (သူတို့လည်း သိပ်အချိန်မရဘူး) ကျမနဲ့ အတူတူနေခဲ့ရတဲ့ ကျောင်းသူလေးတွေ အကြောင်း ပြောလိုက်တယ်။ M.Sc (Phys) နဲ့ တက်နေတာက ခင်ချိုမြင့်တဲ့။ သူက ၁၀ နှစ် ကျတယ်။ ကျမထင်တာကတော့ ၁၇/၁ ရယ် ၊အရေးပေါ် (၅) ည နဲ့ပေါင်းလိုက်တော့ ၁၀ နှစ်ကျတယ်ပေါ့။ နောက်တယောက်က ချိုမာထွေး။ သူကတော့ ကျောင်းသူမဟုတ်ဘူး။ အရပ်သား ပဲပေါ့။ သူကတော့ ကျမကြားတာ ၁၄ နှစ် ကျတယ်။ ပုံနှိပ် Act က ၇ နှစ်လား မသိဘူး။ အရေးပေါ် (၅) ညရော ၁၄ နှစ် ကျတယ်လို့ ကြားတယ်။ ကျမ ထွက်လာတဲ့အချိန်ထိ ချိုမာထွေး ရော၊ ခင်ချိုမြင့်ရော နှစ်ယောက်လုံးက စိတ်ဓါတ်ရေးရာအရ အတော်လေးကျဆင်းနေကြ တယ်။ ခုနောက်ပိုင်းမှာ သူတို့ နှစ်ယောက်ထဲကျန်ခဲ့တော့ တခါတခါ ထောင်ဝင်စာကို လူကြုံနဲ့သွားပေးတဲ့အခါကျတော့ သိပ် နေမကောင်းဘူး တဲ့။ ခင်ချိုမြင့်ကတော့ စိတ်ဓါတ်အရမ်းကျနေတယ်တဲ့။ သူက လူငယ်ဆိုတော့အရမ်းတက်ကြွတယ်။ သိပ်တက်ကြွပြီး ဘာမှမလုပ်ရဘဲ ထောင် ထဲမှာနေနေရတယ်ဆိုတော့ စိတ်ဓါတ် ရေးအရာအရ တော်တော်လေးကို ဂယက်ရိုက်တယ်။ ဒါပေမယ့် ဦးမင်းစိုးလင်းတို့ကတော့ မော်လမြိုင် ထောင်မှာသွားရင် တွေ့ရမယ်။ ဦးနိုင်ငွေသိန်းတို့က တော်တော်လေးကို ကျန်းမာရေး အခြေအနေ ချို့တဲ့နေတယ်။ ကျမကိုယ်တိုင်လည်း ဦးနိုင်ငွေသိန်းကို ဆေးရုံသွားရင်းနဲ့တွေ့ခဲ့ရတယ်။ အသက်လည်း ကြီးနေပြီဆိုတော့ သူရောတွေ့ရမှာပဲလို့ စိတ်ထဲကထင်တယ်"

လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကိုယ်စားလှယ် ၂ ဦးသည် ပြီးခဲ့သည့်တနင်္ဂနွေနေ့က အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ၅ ဦးနှင့်တွေ့ဆုံခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားများ၏အခြေအနေကို မေးမြန်းခဲ့ကြောင်း သိရသည်။ ထို့ပြင် First Eleven အားကစားဂျာနယ်အယ်ဒီတာ ကိုဇော်သက်ထွေးအပါအဝင် မကြာခင်က သေဒဏ်ချမှတ်ခံခဲ့ရသူများကိုလည်း အင်းစိန်ထောင်၌ သွားရောက် တွေ့ဆုံခဲ့သည်။ သို့သော်လည်း နောက်ရက်များ၌ မည်သည့် ထောင်များကိုသွားမည်၊ မည်သူနှင့်တွေ့မည်ဆိုသည်ကိုမူ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့သာမက အာဏာပိုင်တို့ဘက်ကလည်း သတင်းထုတ်ပြန်ခြင်းမရှိပေ။ အစသို့

## မြို့တော်ခန်းမအနီး တကိုယ်တော် ဆန္ဒပြခဲ့သူ ထောင်ဒဏ် ၇ နှစ် ချမှတ်ခံရ

*၁၂ ၊ ဒီဇင်ဘာ ၊ ၂၀၀၃*

ရန်ကုန်မြို့တော်ခန်းမအနီး တကိုယ်တော်ဆန္ဒပြခဲ့သည့် စစ်မှုထမ်းဟောင်းတဦးကို နအဖ မှ ထောင်ဒဏ် ၇ နှစ် ချမှတ်လိုက်ကြောင်း သိရှိ ရသည်။

တပ်ကြပ်ကြီးဟောင်းတဦးဖြစ်သူ အသက် ၄၆ နှစ်ရှိ ဦးဖိုးအောင်သည် 'နိုင်ငံရေးအကျဉ်းသားတွေ ချက်ချင်းလွတ်ပေး'၊ 'သုံးပွင့်ဆိုင် ဆွေးနွေးရေး ချက်ချင်းလုပ်' စသည့် တောင်းဆိုချက်များရေးထားသောဆိုင်းဘုတ်ကို လည်ပင်းမှာ ချိတ်ဆွဲ၍ တကိုယ်တော်ဆန္ဒပြနေစဉ် လွန်ခဲ့ သော စက်တင်ဘာလက အဖမ်းခံခဲ့ရခြင်းဖြစ်သည်။ ၎င်းနောက် မိသားစုနှင့်လည်း တွေ့ခွင့်မပေး၊ ရှေ့နေလည်း ငှားခွင့်မပေးဘဲ အင်းစိန် အထူး တရားရုံးမှ မနေ့က ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း ဦးဖိုးအောင်၏ သမီးက AP သတင်းဌာနကို ပြောကြားခဲ့သည်။

ယခုထောင်ဒဏ်ချမှတ်လိုက်သူ ဦးဖိုးအောင်နှင့် အရင်အဖမ်းခံခဲ့ရသူ တပ်ကြပ်ကြီးဟောင်း ဦးကျော်ကျော်တို့ တဦးတည်းလားဆိုသည်ကို တော့ ရှင်းရှင်းလင်းလင်း မသိရသေးပါ။ သူ့အရင်ဆန္ဒပြခဲ့သည့် မယ်သီလရှင်နှစ်ပါးနှင့် ကျောင်းသားနှစ်ဦးဖြစ်သူ ကိုသက်နောင်စိုးနှင့် ကိုခင်မောင်ဝင်းတို့ကိုလည်း အလားတူ ပြစ်ဒဏ်များ ချမှတ်ခဲ့ပြီးဖြစ်သည်။ ၎င်းတို့အရင် ပထမဆုံးဆန္ဒပြသူမှာ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခဟောင်း ဒေါက်တာ ဆလိုင်းထွန်းသန်းဖြစ်ပြီး ၎င်းကိုတော့ ကျန်းမာရေးမကောင်းသည့်အတွက် လွန်ခဲ့သည့်လအတွင်း ပြန်လွှတ်ပေးခဲ့ သည်။ ဦးဖိုးအောင်အတွက် အယူခံတင်သွင်းမှု ရှိမရှိကို အတိအကျမသိရသေးသော်လည်း သီလရှင်နှစ်ပါး အယူခံကိစ္စနှင့် ကိုသက်နောင်စိုးတို့ ကိစ္စကိုမူ အဖွဲ့ချုပ်ရှေ့နေများက ဆက်လက်ဆောင်ရွက်နေကြောင်း သိရှိရသည်။ အစသို့

## အဖွဲ့ချုပ် ဒုတိယဥက္ကဌ ဦးတင်ဦး၏ ကျန်းမာရေးအခြေအနေ စိုးရိမ်ကြောင်း အန်အယ်လ်ဒီ ခေါင်းဆောင်များ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ကို ပြောဆို

*၁၃ ၊ ဒီဇင်ဘာ ၊ ၂၀၀၃*

မေလ ၃၀ ရက်နေ့ ဒီပဲယင်းအရေးအကြမ်းဖက်မှုအတွင်း အဖမ်းဆီးခံခဲ့ရပြီး ယခုချိန်ထိ ကလေးမြို့အကျဉ်းထောင်တွင် ထိန်းသိမ်းခံနေရဆဲ ဖြစ်သည့် အဖွဲ့ချုပ် ဒုတိယ ဥက္ကဌ ဦးတင်ဦး၏ ကျန်းမာရေးအခြေအနေအပေါ် အထူးစိုးရိမ်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ထုတ်ဖော်ပြောဆိုလိုက်သည်။

ရန်ကုန်မြို့ကိုရောက်ရှိနေသည့် နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (AI) ကိုယ်စားလှယ်များနှင့်တွေ့ဆုံစဉ် အဖွဲ့ချုပ်ခေါင်းဆောင်များက ယခုလိုပြောကြားခဲ့ခြင်းဖြစ်ပြီး ဦးတင်ဦးနှင့်လည်း သွားတွေ့ရန်တိုက်တွန်းခဲ့သည်။ ဦးတင်ဦး၏ ကျန်းမာရေးအခြေအနေနှင့်ပတ်သက်ပြီး ပြောခွင့်ရပုဂ္ဂိုလ် ဦးညွန့်ဝေက ဒီဗွီဘီ ကို ယခုလိုရှင်းပြသည်။

“ဦးတင်ဦးကတော့ အသက်အရွယ်လည်း ကြီးပြီလေ။ ပင်ရင်းကလည်း သူက စစ်သားဟောင်းတယောက်ဖြစ်တော့၊ တိုက်ပွဲပေါင်းများစွာ ဝင်ထားတဲ့လူဖြစ်တဲ့အတွက် သေနတ်ကျည်ဆံတွေ သူ့ကိုယ်ထဲမှာ ရှိသေးတယ်။ ဒဏ်ရာတွေ ရှိတယ်။ အဲဒါတွေက အေးတဲ့နေရာမှာ သွားနေရတော့ ကိုက်တယ်ခဲတယ်၊ နာတယ်ကျင်တယ်။ ဒါတွေကတော့ ရှိမှာပေါ့”

AI အဖွဲ့သည် အဖွဲ့ချုပ်ခေါင်းဆောင်များနှင့်မတွေ့ဆုံမီ UNA ခေါ် ညီညွတ်သောတိုင်းရင်းသားများ မဟာမိတ်အဖွဲ့နှင့် အရင်တွေ့ဆုံခဲ့ပြီး နိုင်ငံရေးလွတ်လပ်ခွင့်နှင့် တိုင်းရင်းသားအခွင့်အရေးကိစ္စများကိုလည်း ဆွေးနွေးခဲ့သည်။ အဆိုပါ ကိစ္စနှင့် ပတ်သက်၍ UNA အဖွဲ့မှ ဦးကျင်ရှင်းထန်က ယခုလိုရှင်းပြခဲ့သည်။

“AI နဲ့ တွေ့တဲ့အခါ ကျနော်တို့တင်ပြတာကတော့ လူ့အခွင့်အရေးကို စိတ်ပူပြီးတော့ ဒီလိုမေးနေတာ ဝမ်းသာပါတယ်။ ကျနော်တို့ တိုင်းပြည်မှာတော့ လူ့အခွင့်အရေးမရှိတာ အမှန်ပါပဲ။ ခင်ဗျားတို့ပြော ပြောနေတဲ့ဟာတွေလည်း ကျနော်တို့ကြားပါတယ်။ ဒီမှာဖြစ်နေတာက UNA နာမည်နဲ့လာတဲ့လူ ၅ ယောက်၊ ၅ ပါတီစလုံးမကဘူး၊ UNA မှာပါတဲ့ ၉ ပါတီထဲမှာ SNLD ကတော့ တရားဝင်ရပ်တည်နေတဲ့ပါတီ။ ကျန်တဲ့ ၈ ပါတီကတော့ ဖျက်သိမ်းပါတီတွေဖြစ်တယ်။ ဖျက်သိမ်းပါတီဆိုတာနိုင်ငံရေး မလုပ်ရဘူး။ နိုင်ငံရေးလုပ်ပိုင်ခွင့် တားမြစ်တယ်။ နိုင်ငံရေးဆိုတာ ကျနော်တို့ရဲ့ မွေးရာပါ အခွင့်အရေးပါ။ ကျနော်တို့ လုပ်ပိုင်ခွင့်ရှိတယ်။ ဒါကိုကျနော်တို့ မရဘူး။ နောက်ပြီးတော့ အဲဒီထဲမှာ ခေါင်းဆောင်လုပ်တဲ့ လူတွေ ဥပမာ မွန်မှာဆိုရင် နိုင်ငွေသိန်းတို့၊ ဒေါက်တာ မင်းစိုးလင်းတို့၊ မင်းကြည်ဝင်းတို့ အဲဒါတွေပါတယ်။ ရခိုင်ဘက်မှာဆိုရင် ဦးသာဘန်း၊ ဦးသာဘန်းဆိုရင် အသက်က ၇၀ နားတဝိုက် ရှိနေတယ်။ သူ့မှာ လိပ်ခေါင်းလည်းရှိတယ်။ သွေးတိုး ရောဂါလည်း ရှိတယ်။ မျက်စိလည်း မှုန်နေတယ်။ အဲဒါကို ခွဲထားတယ်။ မျက်စိဆေးရုံမှာရှိတယ်ဆိုတာ အဲဒါ တွေ့ပြီးတော့ ကူညီပါဦးဆိုပြီး သွားပြောတယ်”

နိုင်ငံရေးခေါင်းဆောင်များနှင့် တွေ့ဆုံပြီးသည့်နောက် AI အဖွဲ့သည် မော်လမြိုင် အကျဉ်းထောင်ကို သွားရောက်စစ်ဆေးရန် ရန်ကုန်မှ ထွက်ခွာသွားသည်။ ဒါပေမယ့် နိုင်ငွေသိန်း၊ ဒေါက်တာ မင်းစိုးလင်းနှင့် ဒေါက်တာ မင်းကြည်ဝင်း တို့ ကို တွေ့ဆုံခွင့် ရမည်မရမည်ကိုတော့ မသိရှိရသေးပေ။ ယခု ခရီးစဉ်ပြီးလျှင် မြန်မာနိုင်ငံအထက်ပိုင်းကိုသွား၍ ဦးတင်ဦး အပါအဝင် အခြားနိုင်ငံရေးအကျဉ်းသားများနှင့် တွေ့ဆုံလိမ့်မည်ဟု ယူဆရသည်။ ထိုသို့တွေ့ဆုံစဉ် ထောင်ဒဏ် ၅၉ နှစ် ချမှတ်ခံထားရသည့် ကျောင်းသားခေါင်းဆောင် ကိုသက်ဝင်းအောင်ကိုလည်း တွေ့ဆုံလိမ့်မည်ဟု သတင်းများ ထွက်ပေါ် နေသည်။ ၉၈ ကျောင်းသားလှုပ်ရှားမှုကို ဦးဆောင်မှုနှင့် ဖမ်းဆီးခံခဲ့ရသည့် ကိုသက်ဝင်းအောင်သည် ခန္တီးအကျဉ်းထောင်အတွင်း အစာတော်ခံဆန္ဒပြနေသည့်အတွက် လွန်ခဲ့သည့်ရက်ပိုင်းကမှ မန္တလေးထောင်သို့ ပြောင်းရွှေ့ခံခဲ့ရသည်။ ၎င်း၏ အခြေအနေကိုတော့ မနေ့က ထောင်ဝင်စာသွားတွေ့ခဲ့သူ ကိုသက်ဝင်းအောင်၏အကို ကိုဌေးဝင်းအောင်က ဒီဗွီဘီနှင့် ဆက်သွယ်မေးမြန်းခန်း အတွင်း ယခုလိုရှင်းပြထားသည်။

ဌေး ။ ။ ကျနော်တွေ့တော့ သူ ကျနော့်ကို သေချာကြည့်နေတယ်။ တော်တော်လေးကြာမှ ကျနော်ဆိုတာကို သူ အသိအမှတ်ပြုပြီးတော့ ကျနော်ပြန်လွတ်လာတာဆိုပြီး သူ ဝမ်းနည်း ဝမ်းသာဖြစ်ရတယ်ပေ့ါ။ အဲဒီနောက်တော့မှ ကျနော်နဲ့ သူနဲ့က စကားကို ဖြည်းဖြည်း ပြန်ပြောယူရတယ်။ ကျနော်မေးတာတွေ၊ ဘာစားချင်လဲ၊ ဘာဆေးတွေလိုအပ်လဲ၊ နေကောင်းရဲ့လား။ အဲလိုမေးတာတွေကို သူပြန်ဖြေတဲ့ဟာက နည်းနည်းတုန့်ဆိုင်းနေတယ်။ ချက်ချင်းပြန်ဖြေတာမျိုး အားရပါးရ သွက်သွက်လက်လက် မရှိဘူးဗျ။ တချို့ဟာတွေမှာ အားမရဘူးဗျ။ ဘာကြောင့်လဲဆိုတော့ သူ့ကိုပို့တဲ့ ကျန်းမာရေး မှတ်ချက်ကလည်း စိတ်ပိုင်းဆိုင်ရာ မကောင်းတဲ့ကိစ္စနဲ့ပို့တယ်ဆိုပြီး မှတ်ချက်ထဲမှာ ပါနေတယ်။ တချို့ဟာတွေဆို သူ ပြန် မဖြေဘူး။ ခေါင်းလွှဲသွားတာတွေ ရှိတယ်။ အားမရဘူးပေ့ါ။

မေး ။ ။ ရုပ်ပိုင်းဆိုင်ရာရော။ ကျမတို့ကြားတာက သူ တော်တော့်ကို အားနည်းပြီး ဖျော့တော့နေတယ်။ ဌက်ဖျားတွေဘာတွေကလည်း ခဏခဏဖြစ်တယ်ဆိုတော့။

ဌေး ။ ။ အဓိက အဲဒီဌက်ဖျား ခဏခဏဖြစ်ရာကနေ ဒီလိုဖြစ်သွားတာပဲလို့ယူဆလို့တော့ ရတယ်။ အဲဒီဘက်က ဌက်ဖျားတွေကလည်း အဲဒီလိုလက္ခဏာတွေပေါ်တတ်တယ်လို့ ပြောပါတယ်။ ကျနော်ကလည်း အစာကို ပုံမှန်ပြန်စားဖို့ ပြောထားခဲ့တယ်။

မေး ။ ။ ဆေးဝါးကုသမှုရော အပြည့်အဝရရဲ့လား။ သူ့ကိုမေးကြည့်လား။

ဌေး ။ ။ မေးကြည့်တယ်။ ဘာဆေးတွေသောက်နေတာလဲဆိုတော့ သူက နည်းနည်းကြာတော့ ပြန်ဖြေတာက ဘာမှမသောက်ရဘူးလို့ ပြောတယ်။ ခုတလော ဘာဆေးတွေ On ထားလဲလို့ သူ့ဘေးက လိုက်လာတဲ့လူတွေကို မေးကြည့်တော့လည်း ဆရာဝန်က ဘာဆေးမှ အသုံးမပြုသေးဘူးလို့ ပြောပါတယ်။ ဒါပေမယ့် နောက်ပိုင်းမှာတော့ စိတ်ရောဂါ အထူးကုတွေနဲ့ ဌက်ဖျားနဲ့ဆိုင်တဲ့ ဆရာဝန်တွေနဲ့ ပြဖို့အတွက် စီစဉ်ထားပါတယ်လို့တော့ ပြောပါတယ်။

အစသို့

## ထောင်ဒဏ်နှစ်ရှည်ကျခံနေရသော ညီအစ်ကို ၂ ဦး ထောင်ဝင်စာတွေ့တိုင်း မိခင်အား နှစ်သိမ့်ပြောဆို

*၁၅ ၊ ဒီဇင်ဘာ ၊ ၂၀၀၃*

ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ပုသိမ်ထောင်၌ ဖြစ်ပွားခဲ့သည့် ထောင်တွင်းဆူပူမှုများကို အာဏာပိုင်တို့က ပစ်ခတ် နှိမ်နင်းပြီးနောက် နိုင်ငံရေးအကျဉ်းသားများကို ထောင်ပြောင်းရွှေ့ခဲ့ကြောင်း ဒီဗွီဘီက ထုတ်လွှင့်ခဲ့ပြီးဖြစ်သည်။ ထိုအထဲတွင် ပဲခူးမြို့က ကိုမျိုးသန့်နှင့် ကိုမျိုးအောင်တို့ ညီအကိုလည်း ပါဝင်သည်။ ၎င်းတို့နှစ်ဦးကို ကိုကျော်ဝဏ္ဏနှင့်အတူ ၉၉၉၉ လှုပ်ရှားမှုတွင် ပါဝင်ပတ်သက်သည်ဆိုပြီး ၂၀၀၀ ခုနှစ်မေလ၌ စစ်ထောက်လှမ်းရေးက ဖမ်းဆီးခဲ့သည်။ ထို့နောက် ထောင် ဒဏ် ၂၅ နှစ်နှင့် ၂၈ နှစ်စီ ချမှတ်ခြင်း ခံခဲ့ရသည်။

ယခင်က ၎င်းတို့နှစ်ဦးကို အင်းစိန်ထောင်မှာထားခဲ့သော်လည်း ထောင်တွင်းဆန္ဒပြမှု ပြုလုပ်ခဲ့သောကြောင့် ပုသိမ်ထောင်ကို ပြောင်းရွှေ့ခဲ့သည်။ ထို့နောက် ပုသိမ်ထောင်၌ ထောင်တွင်းအဓိကရုဏ်းဖြစ်အောင်လှုံ့ဆော်သည်ဆိုပြီး တောင်ငူထောင်ကို ထပ်မံပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။ ကိုမျိုးသန့်နှင့် ကိုမျိုးအောင်တို့၏ လက်ရှိအနေအထားကို သိရှိနိုင်ရန် ပြီးခဲ့သည့်လက ထောင်ဝင်စာသွားတွေ့ခဲ့သူ ၎င်းတို့၏မိခင် ဒေါ်အေးငြိမ်းကို ဆက်သွယ်မေးမြန်းခဲ့သည်။

ဒေါ်အေးငြိမ်း ။ ။ ပုသိမ်မှာ အဓိကရုဏ်းဖြစ်ကြတယ်လို့ပြောတယ်လို့ ထောင်မှူးကပြောတယ်။ ထောင်မှူးတောင် လက်ကျိုးသွားတယ်တဲ့။ အဲဒါနဲ့ အင်းစိန်ကို ပြန်ပို့တယ်။ အင်းစိန်ကမှတခါ တောင်ငူကိုပို့တယ်။

မေး ။ ။ သူတို့ ဘာအတွက် အစာငတ်ခံ ဆန္ဒပြတယ်ဆိုတာ သိရလားရှင့်။

ဒေါ်အေးငြိမ်း ။ ။ ပုသိမ်ထောင်မှူးက ပြောတာက အမေ့သားတွေက ကျနော်တို့တောင် ရင်ပေါင်တန်းတယ်တဲ့။ အငယ်ဆုံးကောင်က (အငယ်လေးဆိုတဲ့ကောင်က) ပိုဆိုးတယ်တဲ့။ အရမ်းကြမ်းတာပဲတဲ့။ ဆွဲလိုက်ရမ်းလိုက်ဆိုတော့ ထောင်မှူးတောင် လက်ကျိုးသွားတယ်။ သူတို့က အဖွဲ့အစည်းနဲ့လုပ်တာလေ။

မေး ။ ။ အခု တောင်ငူမှာရှိနေတုန်း ထောင်ဝင်စာတွေ့ခွင့်ရလား ရှင်။

ဒေါ်အေးငြိမ်း ။ ။ တွေ့တယ်။ သွားတွေ့တော့ 'အမေ … သားတို့ ၁၂ လပိုင်းမှာ လွတ်တော့မယ်'လို့ပြောတယ်။ ၁၁ လပိုင်းက သွားတယ်လေ။

မေး ။ ။ ဒီလပိုင်းထဲမှာလွတ်မယ်လို့ မျှော်လင့်ထားတာပေါ့။

ဒေါ်အေးငြိမ်း ။ ။ ဟုတ်ကဲ့။ ဒီတရက် နှစ်ရက်အတွင်း သွားဖို့အစီအစဉ်ရှိသေးတယ်။ မသွားရသေးဘူး။

မေး ။ ။ သူတို့နှစ်ယောက်ရဲ့ ကျန်းမာရေးအခြေအနေရော ဘယ်လိုရှိလဲရှင့်။

ဒေါ်အေးငြိမ်း ။ ။ အင်းစိန်မှာ၊ ပုသိမ်မှာလိုတော့ မကောင်းဘူး။ နေသိပ်ပူတာပဲတဲ့။ နေရတာမကောင်းဘူးတဲ့။ စားရ သောက်ရတာလည်း ကျပ်တည်းသွားတယ်။ ပုသိမ်မှာက ချက်စားလို့ရတယ်။ ဟိုမှာ မရတော့ဘူးတဲ့။

မေး ။ ။ အထဲထဲမှာကော သူတို့နှစ်ယောက်ကို အတူတူ ထားတာလားရှင်။

ဒေါ်အေးငြိမ်း ။ ။ ဟုတ်တယ်။ အတူတူ ထားတယ်တဲ့။ အတူတူထားတဲ့အပြင် 'အမေ… သားတို့အခန်းထဲမှာ ညောင်ပင်လေး ၃ ပင် ပေါက်လာတယ်။ အဲဒီညောင်ပင်ကို ထောင်မှူးက လာဆွဲနှုတ်သွားတယ်'တဲ့။ အငယ်လေးဆိုတဲ့ မျိုးအောင်က 'သားအတွက်ထီထိုးပေးပါ အမေ'တဲ့။ 'ဘုရားသုံးဆူကြွလာတာသားဖူးရတယ်'တဲ့။ ကျမကတော့ သူတို့အတွက် ပူနေတာကိုး။ အခုလည်း တောင်ငူမှာ 'အမေ ဘာမှမပူနဲ့။ သားတို့လွတ်တော့မှာ။ အမေစိတ်ချမ်းသာအောင်နေ။ ရဲတွေလည်း မကြောက်နဲ့'လို့ သူကပြောတယ်။ ရဲတွေကို သူက မာန်ဖီတယ်။ ရဲတွေကို ကျမက ပိုက်ဆံပေးတာကို 'မပေးနဲ့။ ဘာလို့ပေးရမှာလဲ'လို့ သူတို့ကပြောတယ်။ ကျမက ကြောက်တော့ ပေးရတာပေါ့။ တွေ့ရအောင်လို့ ပေးရတာပေါ့။ ခု အိမ်လည်း မရှိဘူး။ သူများအိမ်မှာနေရတာ သူများတွေက ဖယ်ခိုင်းလို့ ဘေးမှာ အိမ်ပုတ်လေး သွားဆောက်နေရတာ။ အိမ်တလုံးရှိတာ ရောင်းလိုက်ပြီးတော့ သားတို့အတွက်လိုက်တာ ကုန်သွားရော။ နောက်တခါ အိမ်ငှါးနေတယ်။ ငှါးတဲ့ အိမ်က ရောင်းလိုက်တော့ အဖယ်ခိုင်းတာ ဖယ်ပေးရတယ်။ ဒုက္ခရောက်တာပေါ့။ သူတို့လုပ်ကြွေးတာလေးစားနေရတော့ ခုသူတို့ မရှိတော့ ဘယ်လိုမှ မဖန်တီးတတ်တော့ဘူး။ အဖေကြီးကလည်း သေသွားပြီလေ။ သားတွေကတော့ အားပေးတာပေါ့။ 'အမေ… သားတို့လွတ်တော့မှာပါ။ စိတ်ချမ်းသာအောင်နေ'လို့ပြောတာပေါ့လေ။ ကျမ ဘာမှ မတတ်ဘူး။ ဘာမှ နားမလည်ပါဘူး။

မိခင်စိတ်ချမ်းသာစေရန် ထောင်ဝင်စာသွားတွေ့တိုင်း မကြာမီပြန်လွတ်တော့မည်ဟု ၎င်းတို့ နှစ်ဦးက ပြောဆိုခဲ့ သော်လည်း ထောင်ဒဏ် ၂၅ နှစ်နှင့် ၂၈ နှစ်စီ ချမှတ်ခံထားရသောကြောင့် ၎င်းတို့နှစ်ဦး ပြန်လွတ်ရန် မလွယ်သေးကြောင်း သိရှိရသည်။ အစသို့

## ကေအဲန်ယူ မှ ဗိုလ်စောဆာထူးစော အင်းစိန်ထောင်ဆေးရုံ၌ သေဆုံး

*၁၇ ၊ ဒီဇင်ဘာ ၊ ၂၀၀၃ မောင်တူး (ဒီဗွီဘီသတင်းထောက်၊ ထိုင်း)*

နအဖ၏ အကျဉ်းထောင်များထဲတွင် KNU ဘက်မှ ဖမ်းမိထားသည့် ကရင်ရဲဘော်များကို နှိပ်စက်နေပြီး ကျန်းမာရေးစောင့်ရှောက်မှု မပေးသဖြင့် လွန်ခဲ့သည့်သောကြာနေ့၌ ကရင်ရဲဘော် စောဆာထူးစော ထောင်ဆေးရုံတွင် သေဆုံးသွားခဲ့ သည်။

KNU တပ်ဖွဲ့က ဗိုလ်အဆင့်ရှိ ၅၃ နှစ်အရွယ် စောဆာထူးစောသည် တီဘီရောဂါနှင့် အင်းစိန်ထောင်ဆေးရုံတွင် ဒီဇင်ဘာလ ၁၂ ရက်နေ့က ကွယ်လွန်သွားခဲ့ခြင်းဖြစ်သည်။ စောဆာထူးစောသည် လွတ်ရက်စေ့သည်မှာ ၁၀ နှစ် ကျော်နေ ပြီဖြစ်သော်လည်း လွှတ်မပေးခဲ့သည့်အပြင် ဆေးကုမပေးခြင်းကြောင့် ကွယ်လွန်ခဲ့ရကြောင်း KNU ဗဟိုကော်မတီဝင် မန်းငြိမ်းမောင်က ယခုလိုပြောပြသည်။

"၈၂ ခုနှစ်ကနေ ပဲခူးရိုးမကို ဗိုလ်မှူးမင်းသိန်း ခေါင်းဆောင်ပြီးတော့ ဆင်းသွားတယ်။ သူတို့အဖမ်းခံရတယ်။ သေဒဏ်ကျတယ်။ သေဒဏ်ကနေပြောင်းလဲတယ်။ လွတ်ရက်စေ့တာက ၁၀ နှစ် လောက်ရှိပြီ။ မလွှတ်ဘဲ ပုဒ်မအမျိုးမျိုး တပ်ပြီး ပြန်ဖမ်းထားတာ။ ရန်သူ့လက်ထဲမှာပဲ မသေသေအောင် ညှဉ်းသတ်တဲ့သဘောပေါ့"

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်းအတွင်းရေးမှူး ကိုဘိုကြည်ကလည်း ဆာထူးစော သေဆုံးခဲ့သည့်ကိစ္စအပါအဝင် ကရင်အကျဉ်းသားတွေအကြောင်းကို …

"KNU နဲ့ စကားပြောနေတဲ့ အချိန်မှာပဲ KNU ရဲဘော်တယောက်က ထောင်ထဲမှာသေဆုံးသွားပြီ။ ကရင် တိုင်းရင်းသားလူမျိုးစုတွေထဲက ထောင်ထဲမှာ နှစ်ပေါင်း ၂၀ နီးပါး၊ ၁၈ နှစ်နီးပါးရှိနေပြီ။ ထောင်ထဲမှာ သေဆုံးသွားတဲ့ ကရင်တိုင်းရင်းသား ဆာထူးစောဆိုတာ ရှိတယ်။

ပြီးခဲ့တဲ့နှစ်တုန်းက စောတင်မြင့်ဆိုတာ သေဆုံးသွားတယ်။ ဆေးရုံမှာ စောဘင်ဆင်ဆိုတာလည်း ရှိနေတယ်။ ငြိမ်းချမ်းရေးစကားပွဲ အဆင်ပြေချင်တယ်ဆိုရင် ကရင်ရဲဘော်တွေအားလုံးကို ချက်ချင်း အပြင်ထုတ်ပေးရမှာဖြစ်တယ်။ နိုင်ငံရေးအကျဉ်းသားတွေရဲ့ ကျန်းမာရေးအခြေအနေက ပိုပြီး ဆိုးရွားလာတယ်။ ခွန်ဦးအကျဉ်းထောင်မှာရှိနေတဲ့ ကိုသက်ဝင်းအောင်ဆိုရင် ကျန်းမာရေးအခြေအနေက တော်တော်လေး ဆိုးဆိုးရွားရွား ဖြစ်နေတယ်လို့ သိရတယ်။ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့အနေနဲ့လည်း ဒီလို လူမျိုးတွေနဲ့ တွေ့လိမ့်မယ်လို့ ကျနော်တို့ မျှော်လင့်မိတယ်”

KNU နှင့် နအဖ ငြိမ်းချမ်းရေးစကားပြောဆိုနေချိန် ထောင်တွင်းမှ ကရင်ရဲဘော်များကို နအဖ က လွှတ်မပေး သည့်အပြင် ဆေးဝါးကုသ မပေးခြင်းကြောင့် သေရသည့်အဖြစ်အပေါ် KNU က ...

“ရန်သူကတော့ဗျာ၊ ကျနော်တို့အပေါ်မှာ တခါမှ စိတ်ကောင်းစေတနာကောင်းရှိခဲ့တဲ့ အမျိုးအစားမှ မဟုတ်တာကြီး။ နအဖဟာ သူတို့ရဲ့ စိတ်ကောင်း စေတနာကောင်း၊ သဘောထားကောင်းကို ပြမယ်ဆိုရင် ဒီအချိန်ဟာ အခါကောင်းပါပဲ။ အပစ်အခတ်ရပ်စဲရေး လုပ်ထားပြီလို့ သူပြောတယ်။ ရန်ဘက်ဖြစ်ရာကနေ အခုဆိုရင် တဦးနဲ့တဦး နားလည်မှုရတယ်လို့ ပြောလို့ရတာပေ့ါ။ KNU အကျဉ်းသားတွေ တရာကျော် ရှိတယ်။ အဲဒီ KNU အကျဉ်းသားတရာကျော်ကို ဒီနေ့ လွှတ်ပေးပါလို့ ကျနော်တို့ KNU အနေနဲ့ တောင်းဆိုတယ်။ တကယ်လို့ လွှတ်ပေးတယ်ဆိုလို့ရှိရင်တော့ အသိအမှတ်ပြုဖို့ ဝန်မလေးပါဘူး”

ထောင်တွင်းအကျဉ်းသားများကို နအဖ က မပြုံးထား၊ မသေသေအောင် ညှဉ်းသတ်နေခြင်းဖြစ်ကြောင်းလည်း မန်းငြိမ်းမောင်က ...

“သူတို့လက်ထဲရောက်တဲ့အကျဉ်းသားတွေကို မသေသေအောင် လုပ်သတ်တာချည်းပဲ။ အချိန်မီဆေးဝါး မကုသဘူး။ ဦးခင်မောင်မြင့်ရှိတယ်။ ဦးစိန်ဝင်း ရှိတယ်။ ဦးတင်မောင်ဝင်း ရှိတယ်။ နောက်ဆုံး ဦးအောင်မေသု (ကျနော်တို့နဲ့ ကျွန်းမှာနေခဲ့တဲ့သူ) ရန်သူက အင်မတန်အငြိုးကြီးထားတဲ့ ပုဂ္ဂိုလ်တွေဖြစ်တယ်။ မသေသေအောင် ညှဉ်းသတ်တာ။ အချိန်မီဆေးကုသရင် မသေဘူးလို့ သူတို့နဲ့အတူနေခဲ့တဲ့ အကျဉ်းသားတိုင်းက ပြောကြတယ်”

နအဖအကျဉ်းထောင်များအတွင်း နိုင်ငံရေးအကျဉ်းသား ၁,၃၀၀ ကျော်ရှိနေပြီး KNU မှ ဗိုလ်ဆာထူးစောသည် ၈၄ ဦးမြောက် သေဆုံးသူ နိုင်ငံရေးအကျဉ်းသားဖြစ်ကြောင်းလည်း သိရှိရသည်။ *အစသို့*

## ချင်းအမျိုးသား ၃ ဦး ထောင်ဝင်စာ တွေ့ခွင့် မရ

*၁၇ ၊ ဒီဇင်ဘာ ၊ ၂၀၀၃*

မြင်းခြံထောင်တွင် ချုပ်နှောင်ခံနေရသည့် ချင်းအမျိုးသား နိုင်ငံရေးအကျဉ်းသား ၃ ဦးကို ၎င်းတို့၏ မိသားစုများက ယနေ့ထိ ထောင်ဝင်စာ တွေ့ခွင့် မရသေးကြောင်းသိရသည်။

အဆိုပါ နိုင်ငံရေးအကျဉ်းသားများမှာ မတူပီမြို့နယ်အဖွဲ့ချုပ်အတွင်းရေးမှူး ဦးအောင်ထန်းနှင့် အဖွဲ့ချုပ်ဝင်များ ဖြစ်သည့် ဦးထောင်မွန်းနှင့် မန်းပါထန်းတို့ ဖြစ်ကြသည်။ ၎င်းတို့အားလုံးသည် နိုင်ငံရေးကြောင့် အဖမ်းခံခဲ့ရခြင်းဖြစ်သော် လည်း နအဖ ကမူ လူဖမ်း ပစ္စည်းလုယူမှုနှင့် ထောင်ဒဏ် ၁၁ နှစ်စီ ချမှတ်ခဲ့သည်။ ၎င်းတို့အဖမ်းခံခဲ့ရခြင်းနှင့်ပတ်သက်၍ ချင်းပြည်နယ် အဖွဲ့ချုပ်ဝင်တဦးက ဒီဗွီဘီကို ယခုလိုပြောဆိုသည်။

“အဆက်အသွယ်ကတော့ မရဘူး။ ထောင်ဒဏ်က ၁၁ နှစ်၊ မြင်းခြံမှာ၊ သုံးယောက်စလုံး အတူတူပဲ။ ခက်တာက ပုဒ်မက နိုင်ငံရေးပုဒ်မ မတပ်ဘဲနဲ့ မတရားချုပ်နှောင်မှုပုဒ်မဆိုပြီး လုပ်တာ။ ပုဒ်မနံပါတ်မသိဘူးလေ။ ခေါင်းစဉ်ကတော့ မတရားချုပ်နှောင်မှုနဲ့လုယက်မှု။ ဒေါ်စုလာတုန်းက ထောက်လှမ်းရေးကင်မရာကို မရိုက်ရဘူးလို့ပြောရက်သားနဲ့ ရိုက်လို့ သူ့ကင်မရာကို သူတို့က အိမ်ထဲမှာထားတယ်။ အပြင်မထွက်ဖို့။ ဒေါ်စုပြန်တော့ သူ့ကိုလည်း ပြန်လွှတ်တယ်။ သူ့ကင်မရာကိုလည်း သူ့ကိုပြန်ပေးတယ်”

အဆိုပါ ချင်းအမျိုးသား အဖွဲ့ချုပ်ဝင်များသည် ပြီးခဲ့သည့် ဇွန်လလယ်ခန့်ကတည်းက အဖမ်းခံခဲ့ရခြင်းဖြစ်ပြီး မတူပီ အဖွဲ့ချုပ်ဝင် အများအပြားလည်း အိန္ဒိယနိုင်ငံဘက်သို့ ထွက်ပြေးခိုလှုံခဲ့ရသည်။ *အစသို့*

## သေဒဏ်ချမှတ်ခံရသူများထဲမှ ကိုသန်းထွန်း ပြန်လည်လွှတ်မြောက်

*၁၈ ၊ ဒီဇင်ဘာ ၊ ၂၀၀၃*

နအဖခေါင်းဆောင်များကို လုပ်ကြံရန် ကြိုးစားသည်ဆိုပြီး သေဒဏ်ချမှတ်ခံခဲ့ရသူ ၉ ဦးထဲမှ ပဲခူးမြို့က ကိုသန်းထွန်းဆိုသူကို ပြီးခဲ့သည့် လကုန်ပိုင်းလောက်က ပြန်လွှတ်ခဲ့ကြောင်း သိရသည်။ First Eleven အားကစားဂျာနယ် အယ်ဒီတာ ကိုဇော်သက်ထွေး အပါအဝင် စုစုပေါင်း အဖမ်းခံရသူ ၁၂ ဦးထဲမှ ၉ ဦးကို သေဒဏ်ချမှတ်ရာတွင် ကိုသန်းထွန်းလည်း ပါဝင်ခဲ့သည်။ ထို့ကြောင့် ယခု ၎င်းပြန်လွှတ်လာသည့်အပေါ် ပဲခူးမြို့ခံများအကြား အမျိုးမျိုး ဝေဖန်ပြောဆိုနေကြသည်။ ကိုဇော်သက်ထွေး နှင့် ကိုသန်းထွန်း အပါအဝင် ၁၂ ဦးကို စတင်ဖမ်းဆီးစဉ်က သတင်းစာရှင်းလင်းပွဲလုပ်ပြီး နအဖ မှ တရားဝင် ကြေညာခဲ့သော်လည်း သေဒဏ်ချမှတ်ချိန်တွင် မည်သူမည်ဝါဆိုသည်ကို အတိအကျ ထုတ်ဖော်ပြောဆိုခြင်း မရှိပေ။ ထို့ကြောင့် ယခုပြန်လွှတ်လာသူ ကိုသန်းထွန်းသည် လူမှားပြီး ဖမ်းဆီးစစ်ဆေးခံရခြင်းလား၊ သို့မဟုတ် သေဒဏ်ချမှတ်ခံခဲ့ရသည့် ကိုသန်းထွန်းကိုယ်တိုင်လားဆိုသည် ဇဝေဇဝါဖြစ်နေသည်ဟု ပဲခူးမြို့က ရှေ့နေကြီး ဦးမြတ်လှက ဒီဗွီဘီကို ယခုလို ပြောဆိုသည်။

“သန်းထွန်းက ပြန်လွှတ်လာပြီး ဘုန်းကြီးတောင် ဝတ်နေတယ်။ ကြိုးကျတယ် ဘာညာ မဖြစ်ခင်လေးမှာ လွှတ်လာတာ။ ဘဘတို့လည်း ဒီမှာ တွေးရခက်နေတာပေ့ါ။ ဖမ်းတုန်းက သန်းထွန်း မှားဖမ်းသွားလို့များ သူက အမှားခံရတဲ့ သန်းထွန်းလား၊ အမှန် သန်းထွန်းကို တွေ့သွား

လို့လားဆိုတာ စဉ်းစားလို့မရဘူးဖြစ်နေတယ်။ အဲဒီ မင်းကြည် (နိုင်မင်းကြည်) သားသမီးတွေလာတဲ့အခါတုန်းက ဦးသန်းထွန်းက လွှတ်လာပြီတဲ့၊ ဘုန်းကြီးဝတ်နေတယ်တဲ့ ပြောတယ်။ အတွေ့မခံဘူး။ ရှောင်နေတယ်"

ပြီးခဲ့သည့် ဇူလိုင်လ ၁၉ ရက်၊ အာဇာနည်နေ့တွင် နအဖ စစ်ဗိုလ်ချုပ်များကို လုပ်ကြံရန် ကြိုးစားသည်ဆိုပြီး First Eleven အားကစားဂျာနယ် အယ်ဒီတာ ကိုဇော်သက်ထွေးအပါအဝင် ၉ ဦးကို နိုဝင်ဘာလ ၂၉ ရက်နေ့က သေဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။

ကိုဇော်သက်ထွေးအပြင် အခြား ၈ ဦးမှာ ပဲခူးမြို့က ကိုသန်းထွန်း၊ ရွှေနေ ဦးအေးမြင့်နှင့် နိုင်မင်းကြည်၊ မွန်ပြည်သစ်ပါတီ အဖွဲ့ဝင်များဖြစ်သည့် နိုင်ယက္ခနှင့် နိုင်ချမ်းဟံသာ (ခေါ်) ရွှေမန်း၊ ကျောင်းသားများဖြစ်ကြသည့် ဇာနိုင်ထွန်း (ခေါ်) ဖြူလေး၊ ဇော်မျိုးထက် (ခေါ်) ဇော်ဇော်နဲ့ ကိုမျိုးထွေးတို့ ဖြစ်ကြသည်။ အဓိကအတိုက်အခံများနှင့် နိုင်ငံတကာ လူ့အခွင့်အရေးအဖွဲ့များက ယခုလို မတရား ပြစ်ဒဏ်ချမှတ်ခဲ့သည့်အပေါ် နအဖ ကို ဝေဖန်ပြောဆို နေကြသည်။

*အစသို့*

## ဒေါ်အောင်ဆန်းစုကြည်၏ အနီးကပ်လုံခြုံရေး တာဝန်ယူခဲ့ဖူးသူ အဖွဲ့ချုပ်လူငယ်ခေါင်းဆောင်တဦး ထောင်ဒဏ် ၄ နှစ် ချမှတ်ခံရ

*၂၀ ၊ ဒီဇင်ဘာ ၊ ၂၀၀၃– ဦးမောင်မောင်ဟိန်း (ဒီဗွီဘီသတင်းထောက်၊ ထိုင်း)*

နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ မြန်မာနိုင်ငံက ပြန်မထွက်မီ ရက်ပိုင်းအလိုတွင် အဖွဲ့ချုပ်ဝင်လူငယ်တဦးကို နအဖ က ထောင်ဒဏ် ၄ နှစ် ချမှတ်လိုက်ကြောင်း သိရသည်။

ယခုလ ၁၇ ရက်နေ့တွင် မတရား ပုဒ်မတပ်ပြီး ထောင်ဒဏ်ချမှတ်ခံခဲ့ရသူမှာ ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်အဖွဲ့ချုပ်ဝင် ကိုမြစိုး (ခေါ် ) ကိုရွှေဂျိုဖြစ်သည်။ သူသည် ၁၉၉၈ ခုနှစ်က ဒေါ်အောင်ဆန်းစုကြည်၏အနီးကပ် လုံခြုံရေးတာဝန်ယူခဲ့ဖူးပြီး ယခုချိန်တွင်လည်း လှိုင်မြို့နယ်အဖွဲ့ချုပ်လုပ်ငန်းများကို ဆောင်ရွက်နေသူဖြစ်သည်။

အမှုဖြစ်ပွားရသည့်အကြောင်းရင်းမှာ လှိုင်မြို့နယ်၊ ၆ ရပ်ကွက်မှာရှိတဲ့ ဒေါ်ခင်ညွန့်ပိုင် ၆ ပေ ၃ လက်မ × ၂၀ ပေ မြေကို ကိုမြစိုးက ဝယ်ယူပြီး အိမ်ဆောက်ခဲ့ရာက အိမ်ဆောက်ခွင့် ပါမစ်မရှိသောကြောင့် ခွင့်ပြုချက်မရဘဲဆောက်ခြင်း ဖြစ်၍ ဆက်မဆောက်ရန် စည်ပင်အုပ်ချုပ်ရေးမှူး ဦးသန်းထွန်းက တားမြစ်ခဲ့သည်။ နောက်တနေ့တွင် ဦးကျော်လင်းက လှိုင်မြို့နယ် တရားရုံးကို သွားရောက်တိုင်ကြား အမှုဖွင့်ခြင်းကြောင့် ထောင်ဒဏ်လေးနှစ် အမိန့်ချမှတ်လိုက်ကြောင်း သိရှိရ သည်။ ကိုမြစိုး၏ အိမ်နီးချင်းတဦးက ...

"အိမ်ဆောက်ခွင့်ပါမစ် မရှိဘဲ ဆောက်တဲ့အတွက် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးသန်းထွန်းကိုယ်တိုင်နဲ့ တာဝန်ရှိတဲ့လူတွေ လာပြီးတော့ တားတာပေါ့။ တားတဲ့အခါကျတော့ ရွှေဂျိုးတို့က ရပ်ဆိုင်းလိုက်တယ်။ နောက်တနေ့ ၁ နာရီမှာ စည်ပင်ရုံးခန်းကို လာဖို့မှာလို့ သွားတယ်။ ဒဏ်ငွေဆောင်ဆိုလို့လည်း ဆောင်ထားတယ်။ အဲဒီအမှုဖြစ်စဉ်မှာလည်း သက်သေခံပစ္စည်းအဖြစ် ဒဏ်ငွေဆောင်ထားတဲ့ ပြေစာဖြတ်ပိုင်းတွေလည်း အကုန်လုံးတင်ပြထားတယ်။ အဲဒီကိစ္စနဲ့ ပြဿနာမဖြစ်ဘဲ ရယကနဲ့ပြဿနာဖြစ်ပြီး ၅၃၅ တို့ ၅၀၆ တို့ရယ် ဖြစ်တာ။ ဒီအမှုကတော့ဗျာ အာဏာကို အလွန်အကျွံ သုံးစွဲတာပါ။ တရားဥပဒေအရ ၅၃၅ ရဲ့အဓိပ္ပါယ်ဖွင့်ဆိုချက်နဲ့လည်း ဒီအမှုမှာ ပြစ်မှု မမြောက်ဘူး။ နောက်ပြီး ၅၀၆ လို့ စွဲချက်တင်ထားတဲ့ပုဒ်မနဲ့လည်း အမှုဖြစ်စဉ်ကို ဥပဒေအရကြည့်ရင် ပြစ်မှု မမြောက်ဘူး။ ပြစ်မှုမမြောက်ဘဲနဲ့ ချလိုက်တဲ့သဘောပဲ။ အဲဒီအမှုတရားစီရင်တဲ့အချိန်မှာလည်း ထောက်လှမ်းရေးအင်အားက ၁၅–၂၀ ယောက်လောက်က တရားရုံးမှာ နေရာယူပြီးတော့ (ထုံးစံအရတော့ သက်သေတွေဆိုတာ တရားရုံးက သမ္မန်စာနဲ့ဆင့်ခေါ်တာ) ထောက်လှမ်းရေးနဲ့ ရဲနဲ့က သက်သေတွေကို ဆိုင်ကယ်နဲ့ သွားခေါ်၊ ကားနဲ့ သွားခေါ်ပြီးတော့ အားချင်းစစ်၊ အားချင်းချတဲ့ သဘောပေါ့။ သက်သေ ၁၉–၂၀ ကို သုံးလေးရက်နဲ့ စစ်ပြီး သူ့ကို ထောင်ချပစ်လိုက်တာ"

ကိုမြစိုးကို အမှုစစ်ဆေးစဉ်တွင် တက်ရောက်ကြားနာခဲ့သည့် NLD အဖွဲ့ဝင်တဦးက တရားခံရှေ့နေ၏ လျှောက်လဲချက်ကို သူ မှတ်မိသလောက် ယခုလို ပြန်လည်ဖတ်ကြားပြခဲ့သည်။

"တရားလိုနှင့် တရားလိုပြ ၁၃ ဦး၊ တရားခံနှင့် တရားခံပြ ၆ ဦးတို့အား စစ်ဆေးပြီး တရားခံ၏ရှေ့နေမှ တရားခံသည် စွပ်စွဲထားသော ပြစ်မှုဥပဒေပုဒ်မ ၅၃၅ နှင့် ပုဒ်မ ၅၀၆ တို့နှင့် ငြိစွန်းမှု မရှိသည့်အတွက် ပြစ်ဒဏ်မှ တရားသေ အပြီးအပြတ်လွှတ်ရန်သာရှိကြောင်း အပြီးသတ်လျှောက်လဲတင်ပြခဲ့ပါတယ်။ တရားစွဲဆိုခြင်း၏ အဓိက ရည်ရွယ်ချက်မှာ စွပ်စွဲခံရသူ တရားခံအစစ်ရရန် သက်သက်သာမဟုတ်ပေ။ တရားမျှတမှုဖြစ်စေရန် အဓိက ရည်ရွယ်သည်ဟုလည်းကောင်း..."

ယခုလို ဘာမဟုတ်သည့်အမှုကို ထောင်ဒဏ် ၄ နှစ်အထိ ချမှတ်ခံလိုက်ရသည့် ကိုမြစိုး (ခေါ်) ကိုရွှေဂျိုးသည် ၁၉၉၈ ခုနှစ် NLD ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏အိမ်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် အနီးကပ်နေထိုင်ခဲ့သည့် NLD လူငယ်ခေါင်းဆောင်တဦးဖြစ်ပြီး ယခုလက်ရှိတွင် အဖွဲ့ချုပ်၏ လူငယ်ခေါင်းဆောင်တဦးဖြစ်လည်း၍ ပြဿနာ အသေးအဖွဲကို ပုံကြီးချဲ့၊ စစ်ထောက်လှမ်းရေး၏ ဖိအားနှင့် ထောင်ဒဏ်အမိန့်ချမှတ်လိုက်ခြင်း ဖြစ်ကြောင်း NLD အဖွဲ့ဝင်များက သုံးသပ်နေကြသည်။

*အစသို့*

## ဒေါ်စုနှင့် နိုင်ငံရေးအကျဉ်းသားများ ပြန်လွှတ်ပေးရန် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး တောင်းဆို

*၂၀ ၊ ဒီဇင်ဘာ ၊ ၂၀၀၃*

ဗြိတိန်နိုင်ငံခြားရေးရုံး ထုတ်ပြန်ကြေညာချက်အရ ဒေါ်အောင်ဆန်းစုကြည်နှင့် ဖမ်းဆီးထားသည့် နိုင်ငံရေးအကျဉ်းသားအားလုံးကို အမြန်ဆုံးလွှတ်ပေးပြီး အမျိုးသားညီလာခံတွင် အားလုံးကို ပါဝင်ခွင့်ပေးရန် နိုင်ငံခြားရေးဝန်ကြီး မိုက်အိုဘရိုင်ယန်ကတောင်းဆိုလိုက်ကြောင်း သိရှိရပါတယ်။

ပြီးခဲ့သည့် တနင်္လာနေ့က ဘန်ကောက်တွင်ကျင်းပသည့် ၁၂ နိုင်ငံအစည်းအဝေးအတွင်း နအဖ နိုင်ငံခြားရေး ဝန်ကြီး ဦးဝင်းအောင်၏ ကတိစကားများကို ထိုင်းဝန်ကြီး ဆူရာခီးယက်က ၎င်းကို ၁၈ ရက်နေ့က ရှင်းပြခဲ့ကြောင်း၊ ထို ရှင်းပြချက် အပေါ်မူတည်ပြီး ယခုလို တောင်းဆို ရခြင်းဖြစ်ကြောင်း မိုက်အိုဘရိုင်ယန်၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။

နအဖ၏လုပ်ရပ်သည် စစ်မှန်သည့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို အမှန်တကယ် ဦးတည်သည်ဆိုလျှင် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် တိုင်းရင်းသားကိုယ်စားလှယ်များကို မဖြစ်မနေ ပါဝင်ခွင့်ပေးရမည်ဟုလည်း မစ္စတာ မိုက်အို ဘရိုင်ယန်က ပြောဆိုခဲ့သည်။

ထို့ပြင် ညီလာခံစကတည်းက ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံး ချက်ချင်းလွှတ်ပေးရန်၊ အဖွဲ့ချုပ်ရုံးတွေ အားလုံး ပြန်ဖွင့်ပေးရန်လည်း အလေးအနက်တောင်းဆိုကြောင်း နိုင်ငံခြားရေးရုံး ထုတ်ပြန်ကြေညာ ချက်တွင်ဖော်ပြထားသည်။ အစသို့

## မြန်မာပြည် လူ့အခွင့်အရေးအခြေအနေများ ပိုမို ဆိုးဝါးလာနေ၊ အေအိုင်ကိုယ်စားလှယ်များ သတင်းစာရှင်းလင်းပွဲတွင် ပြောဆို

*၂၂ ၊ ဒီဇင်ဘာ ၊ ၂၀၀၃*

မေ ၃၀ အကြမ်းဖက်မှုနောက်ပိုင်း မြန်မာပြည်၏ လူ့အခွင့်အရေးအခြေအနေများ ပိုဆိုးဝါးလာပြီး နအဖအပြောနှင့် လက်တွေ့ ပြည်တွင်း အခြေအနေ ကွဲပြားနေကြောင်း နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ ကိုယ်စားလှယ် ၂ ဦးက ယနေ့ ဝေဖန်ပြောဆိုလိုက်သည်။

ဒီမိုကရေစီဖော်ဆောင်ပါမည်ဆိုကာ အချက် ၇ ချက်ပါ Road Map အကြောင်း နိုင်ငံတကာအလယ်တွင် နအဖ စစ်ဗိုလ်ချုပ်များ ပြောဆို နေသော်လည်း လက်တွေ့တွင် အပြောနှင့် လုံးဝ ခြားနားနေသည်ဟု မြန်မာနိုင်ငံသို့ ၁၇ ရက်ကြာ သွားရောက်လည်ပတ်ခဲ့သည့် လွတ်ငြိမ်း ချမ်းသာခွင့်အဖွဲ့ အာရှပစိဖိတ်ရေးရာ လက်ထောက်ညွှန်ကြားရေးမှူး မစ္စ ကက်သရင်းဘာဘာက ပြောဆိုလိုက်သည်။

ပြောသည့်အတိုင်း လက်တွေ့ပြရန်ဆိုလျှင် နိုင်ငံရေးအကျဉ်းသားများအားလုံးကို ချက်ချင်း ပြန်လွှတ်ပေးရပါမည် ဟု သူမ က ဆိုသည်။ လက်ရှိ အနေအထားတွင် သတင်းစာဆရာများ၊ ဆရာဝန်များ၊ ဥပဒေပညာရှင်များနှင့် NLD အဖွဲ့ဝင်များအပါအဝင် နိုင်ငံရေးအကျဉ်းသား ၁,၃၀၀ ကျော် ဖမ်းဆီးခံထားရသည်။ ဒီပဲယင်းအကြမ်းဖက်မှုအတွင်း ဖမ်းဆီးခံထားရသူ ၂၄ ဦးရှိနေပြီး နောက်ပိုင်း အကျဉ်းချခံရသူ ၅၃ ဦး ရှိ ကြောင်း နအဖ စစ်အစိုးရဘက်က ဝန်ခံသည်ဟုလည်း မစ္စ ကက်သရင်းဘာဘာက ပြောဆိုခဲ့သည်။ ဒီမိုကရေစီလှုပ်ရှားသူများကို ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ရုံနှင့် နှစ်ရှည် ထောင်ဒဏ်ချမှတ်နေခြင်း၊ နိုင်ငံရေးအကျဉ်းသားများကို ရာဇဝတ်သားများကဲ့သို့ သဘောထားနေခြင်း၊ ပုဒ်မ မျိုးစုံတပ်၍ စွပ်စွဲချက်များမရှိဘဲနှင့် လပေါင်းများစွာ ဖမ်းဆီးထားခြင်း၊ မိသားစုနှင့်တွေ့ခွင့်မပေးခြင်း စသည်တို့ကိုရပ်တန်းကရပ်ပြီး နအဖ ၏ ဥပဒေများကို ပြင်ဆင်ရန်လိုအပ်ကြောင်း ယနေ့ ဘန်ကောက်မြို့တွင်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲအတွင်း နိုင်ငံတကာလွတ်ငြိမ်းချမ်းသာ ခွင့် အရာရှိ မစ္စ ကက်သရင်းဘာဘာ က ပြောဆိုသွားသည်။ ထို့အပြင် ...

လွတ်လပ်ပြီး တရားမျှတမှုရှိသည့် စုံစမ်းစစ်ဆေးမှုများကို ထိထိရောက်ရောက် ပြုလုပ်နိုင်ရန် နအဖ အာဏာပိုင်များကို တောင်းဆိုထား ကြောင်း၊ ၎င်းကိစ္စသည် အလွန်အရေးကြီး၍ ထိုသို့လုပ်ဆောင်နိုင်ရန် မြန်မာပြည်သူများအနေနှင့် လွတ်လွတ်လပ်လပ် ပြောဆိုနိုင်သည့် အခွင့်အရေးများရှိရမည်ဖြစ်ပြီး မည်သူ့ကိုမှ ကြောက်ရွံ့နေစရာမလိုဘဲ ၎င်းတို့ သိရှိထားသည်များကို ထုတ်ဖော်ပြောဆိုနိုင်ရန် လိုအပ်ကြောင်း များကိုလည်း ပြောဆိုသွားခဲ့သည်။

ထို့ပြင် အဆိုပါ တိုက်ခိုက်မှုအတွက် တာဝန်ရှိသူများကိုလည်း ဥပဒေအရ အရေးယူရန် လိုအပ်သည်ဟုလည်း ပြောဆိုခဲ့သည်။ ဆက်လက်ပြီး မေ ၃၀ တိုက်ခိုက်မှုနှင့်ပတ်သက်၍ ပြည်တွင်း၊ ပြည်ပမှ စုဆောင်းရရှိသည့် အချက်အလက် များအပြင် နအဖ ၏ သတင်း ထုတ်ပြန်ချက်များအရ ထို တိုက်ခိုက်မှုသည် ကြိုတင်ပြင်ဆင်ခဲ့ခြင်းဖြစ်ပြီး ကြံ့ဖွတ်အဖွဲ့ဝင်များ ပါဝင်ခဲ့ကြောင်းနှင့် ရက်ရက်စက်စက် တိုက်ခိုက်ခဲ့ ခြင်းဖြစ်သည်ဟုလည်း ပြောဆိုသည်။ မေ ၃၀ တိုက်ခိုက်မှုနောက်ပိုင်း မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးအခြေအနေများ ပိုမိုဆိုးရွားလာခဲ့သည့် အပေါ် AI အဖွဲ့က စိုးရိမ်ပူပန်နေသည်ဟုလည်း ပြောဆိုသည်။

လူ့အခွင့်အရေးအခြေအနေများနှင့်ပတ်သက်၍လည်း အခြေခံအားဖြင့် ကြီးကြီးကျယ်ကျယ်ပြောင်းလဲခြင်း မရှိကြောင်း၊ ၁၄ နှစ်တာ တလျှောက်လုံး ထို ပုံစံအတိုင်းသွားနေကြောင်း ရွေးချယ်တင်မြှောက်ထားသည့် လူထုကိုယ်စားလှယ် အမြောက်အများကိုလည်း ထိန်းသိမ်း ထားဆဲဖြစ်ခြင်းကြောင့် ထိုလူများကို ပြန်မလွှတ်ဘဲ နိုင်ငံရေးအရ တိုးတက်ဖြစ်ထွန်းမှုများပေါ်ပေါက်လာရန် ခက်ခဲကြောင်းနှင့် အဆိုပါကိစ္စများ ကို AI အဖွဲ့က နအဖ အာဏာပိုင်များနှင့်လည်း လေးလေး နက်နက် ဆွေးနွေးခဲ့သည်ဟု ပြောဆိုသွားသည်။

မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသား ၁,၃၀၀ ကျော် ဆက်လက်ထိန်းသိမ်းထားဆဲဖြစ်ပြီး ၎င်းတို့ကို ခြွင်းချက်မရှိ ပြန်လွှတ်ပေးရန် ကိုလည်း AI အဖွဲ့ကြီးက နအဖ အာဏာပိုင်များကို တောင်းဆိုခဲ့ကြောင်းဆက်လက် ပြောဆိုသည်။

ကုလသမဂ္ဂ လူ့အခွင့်အရေးအထူးကိုယ်စားလှယ် ပါမောက္ခ ပီညဲရိုး တောင်းဆိုခဲ့သလို နိုင်ငံရေးအကျဉ်းသားအားလုံးကို အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် တောင်းဆိုကြောင်း၊ လက်ရှိနိုင်ငံရေးအကျဉ်းသားများကို ပြန်လွှတ်နေခြင်းသည် အလွန်နှေးကွေးလွန်းပြီး ထို နှုန်း အတိုင်းဆိုလျှင် နှစ်နှင့်ချီ၍ ကြာနိုင်၍ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့် ပေးရန် တောင်းဆိုရခြင်းဖြစ်ကြောင်း ပြောပြသည်။

ယခု ခရီးစဉ်အတွင်း အင်းစိန်၊ ပဲခူး၊ မော်လမြိုင်ထောင်များမှ နိုင်ငံရေးအကျဉ်းသား ၃၅ ယောက်ကို တွေ့ဆုံခွင့်ရခဲ့ပြီး NLD ဗဟို ကော်မတီ ၃ ဦးနှင့် တိုင်းရင်းသားနိုင်ငံရေးပါတီတချို့မှ ကိုယ်စားလှယ်များကိုလည်း တွေ့ဆုံခွင့်ရခဲ့သည်။ သို့သော် မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခွင့်ကို အာဏာပိုင်များဘက်မှ ခွင့်မပြုခဲ့သလို မော်လမြိုင်ခရီးစဉ်အတွင်း မွန်ပြည်သစ်ပါတီရုံးကို သွားရောက်ရန်လည်း အာဏာပိုင်များက တားမြစ်ခဲ့ကြောင်း သိရှိရသည်။ အစသို့

## နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ ကိုယ်စားလှယ် ၂ ဦး ဝေဖန်ချက် အပြုသဘော မဆောင်သည့်အတွက် လက်မခံဟု နအဖ ပြောဆို

*၂၃ ၊ ဒီဇင်ဘာ ၊ ၂၀၀၃*

နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ ကိုယ်စားလှယ်များ၏ဝေဖန်ချက်သည် အပြုသဘောမဆောင်သည့်အတွက် လက်မခံနိုင်ကြောင်း နအဖ က ယနေ့ တုန့်ပြန်ပြောဆိုလိုက်သည်။

လူ့အခွင့် အရေးအခြေအနေများ တိုးတက်ရန်ရည်ရွယ်ချက်ဖြင့် **Amnesty International** ကိုယ်စားလှယ် နှစ်ဦး သွားချင်သောနေရာများကိုလည်း သွားခွင့်ပြုခဲ့ပြီး၊ လိုအပ်သည့် သတင်းအချက်အလက်များထောက်ပံ့လျက်နှင့် ယခုလို ဝေဖန်ပြောဆိုခြင်းမှာ ဝမ်းနည်းစရာကောင်းသည်ဟု နအဖ က ပြောဆိုသည်။ ဤသည်မှာ မိမိတို့အစိုးရ၏ တိုးတက်သည့်နိုင်ငံရေးဆောင်ရွက်ချက်များကို အားလျော့ ဆုတ်ယုတ်စေသည်ဟုလည်း ယနေ့ထုတ်ပြန်သည့် နအဖ ကြေညာချက်၌ ဖော်ပြထားသည်။

မြန်မာနိုင်ငံကို ၁၇ ရက်ကြာ သွားရောက်လည်ပတ်ခဲ့သည့် **AI** ကိုယ်စားလှယ်နှစ်ဦးသည် မနေ့က ဘန်ကောက်မြို့၌ သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေများ ပိုဆိုးလာကြောင်း ပွင့်ပွင့်လင်းလင်း ဝေဖန်ပြောဆိုသွားခြင်းဖြစ်သည်။ အဓိကအားဖြင့် နိုင်ငံရေးအကျဉ်းသားများ၏ကိစ္စနှင့် ဒီပဲယင်းအကြမ်းဖက်တိုက်ခိုက်မှုအပေါ် ဝေဖန်ပြောဆိုသွားပြီး နိုင်ငံရေးအကျဉ်းသားအားလုံးကို ခြွင်းချက်မရှိ ချက်ချင်းပြန်လွှတ်ပေးရန်၊ ဒီပဲယင်းကိစ္စ လွတ်လပ်စွာစုံစမ်းဖော်ထုတ်ရန် နအဖ စစ်အစိုးရကို ပြင်းပြင်းထန်ထန်တောင်းဆိုသွားခြင်းဖြစ်သည်။

နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ ကိုယ်စားလှယ် ၂ ဦး သတင်းစာရှင်းလင်းပွဲ မလုပ်မီ ယခင်နေ့ကပင် အဆိုပါခရီးစဉ်ကို ကြိုဆိုကြောင်း အပြန်၌ ဘက်လိုက်မှုကင်းပြီး စစ်မှန်သည့်အစီရင်ခံစာ ထုတ်ပြန်မည်ဟု မျှော်လင့်ကြောင်း နအဖ က ပြောဆိုခဲ့သည်။ ယနေ့၌မူ အဆိုပါကိုယ်စားလှယ် ၂ ဦး၏ ပွင့်ပွင့်လင်းလင်းပြောဆိုမှုတို့ကို ပြစ်တင်ရှုတ်ချလိုက်ခြင်းလည်း ဖြစ်သည်။ အဖွဲ့ချုပ်ရှေ့နေတဦးဖြစ်သူ သင်္ဃန်းကျွန်း မြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွှန့် က **AI** အဖွဲ့၏တင်ပြမှုများအပေါ် ယခုလို ထင်မြင်ချက်ပေးခဲ့သည်။

“မနေ့တနေ့ကပဲ သက်ဆိုင်ရာအာဏာပိုင်တွေကနေ ဒီအဖွဲ့ဟာ ဘက်မလိုက်ပဲ တရားမျှတမယ့်ကြေညာချက်ကို ထုတ်ပြန်မယ်ဆိုပြီးတော့ ဘန်ကောက် သတင်းစာရှင်းလင်းပွဲ မတိုင်ခင် ပြောခဲ့တယ်။ အဲဒီပြောချက်အရပဲ နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ထုတ်ပြန်တဲ့ကြေညာချက်က ဘက်မလိုက်ပဲ တရားမျှတတဲ့ကြေညာချက် ဖြစ်တယ်လို့ ကျနော်ကယူဆတယ်။ ဘာကြောင့်လဲဆိုတော့ အချက် နှစ်ချက်ပါ။ နိုင်ငံရေးအကျဉ်းသားတွေသူတို့ မနှစ်ကလာတုန်းကလည်း တင်ပြခဲ့တဲ့ ၆၅ နှစ်အထက် နိုင်ငံရေးအကျဉ်းသားကြီးတွေဖြစ်တဲ့ နိုင်ငွေသိန်းတို့၊ ဒေါက်တာမောင်မောင်ကျော်တို့၊ ကျနော်တို့ လွှတ်တော်ကိုယ်စားလှယ်ထဲကဆိုရင် ဒေါက်တာသန်းငြိမ်းတို့၊ အင်းစိန် လွှတ်တော်ကိုယ်စားလှယ်ဖြစ်တဲ့ ဦးစိန်လှဦးတို့ အဲဒီပုဂ္ဂိုလ်တွေကို သူတို့ ဒီနှစ်လာတဲ့အခါမှာလည်း လွှတ်လပ်ခြင်း မရှိတဲ့အတွက်ကြောင့် ချက်ချင်းနဲ့ ခြွင်းချက်မရှိ လွှတ်ပေးသင့်တယ်ဆိုတဲ့ သဘောထားဟာ အင်မတန်လက်ခံသင့်တဲ့သဘောထားပါ။ ချက်ချင်းနဲ့ ခြွင်းချက်မရှိ လွှတ်သင့်တယ်ဆိုတာ ကျနော် ထောက်ခံတယ်”

နယ်စပ်အခြေစိုက် ဒီပဲယင်း စုံစမ်းရေးကော်မရှင်၏ တာဝန်ရှိသူတဦးဖြစ်သည့် ဦးအောင်ထူးကလည်း ...

“နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီးရဲ့ မြန်မာပြည်နဲ့ပတ်သက်တဲ့ခရီးစဉ်အပြီးမှာ ပေးသွားတဲ့မှတ်ချက်တွေက အင်မတန်မှ သင့်မြတ်လျော်ကန်ပြီးတော့ ပကတိဖြစ်နေတဲ့ အခြေအနေတွေကို ထင်ဟပ်ဖော်ပြတယ်လို့ ကျနော်တို့က သုံးသပ်တယ်။ နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီးအနေနဲ့က ဒီနှစ်ထဲမှာ ထူးခြားချက်အဖြစ်တွေ့ရတာက ဘာလဲဆိုတော့ နိုင်ငံသားတွေအပေါ်မှာ မတရား ဖမ်းဆီးချုပ်နှောင်နေတဲ့ကိစ္စတွေ၊ ချုပ်နှောင်ပြီးတော့ ရုံးမတင်တဲ့ကိစ္စတွေ ဒီကိစ္စတွေဟာ ဘာ့ကြောင့်ဖြစ်တာလဲ၊ ဘယ်အကြောင်းနောက်ခံနဲ့ ဖြစ်တာလဲ၊ ဘယ်လို ဥပဒေနောက်ခံတွေနဲ့ဖြစ်တာလဲ။ ဒီနောက်ခံတွေကနေ တရားမျှတတဲ့ တရားခွင်တရပ်ဖြစ်ပေါ်လာအောင် ဘယ်လိုချဉ်းကပ်မလဲဆိုတဲ့ဘက်က ပိုပြီးတော့ များတာတွေ့ရတယ်”

ထို့ပြင် အဆိုးရွားဆုံး လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်သည့် ဒီပဲယင်း အကြမ်းဖက်မှုနှင့် ပတ်သက်ပြီး **AI** အဖွဲ့၏ တင်ပြချက်များအပေါ် သင်္ဃန်းကျွန်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွှန့်က ...

“နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ဒီတင်ပြချက်ဟာ ကျနော်တို့လိုက်ခဲ့တဲ့ တချို့အမှု အတွေ့အကြုံအရ ပြောရမယ်ဆိုရင်တော့ ဒါဟာ သဘာဝကျတယ်လို့ပဲ ယူဆတယ်။ အဲဒါကြောင့် ကျနော်တို့က ဒီပဲယင်းကိစ္စကို ကျယ်ကျယ်ပြန့်ပြန့်နဲ့ လွတ်လပ်တဲ့ လေ့လာစုံစမ်းရေးအဖွဲ့ ဖွဲ့သင့်တယ်။ ဘာကြောင့်လဲဆိုရင် တရားမျှတမှုအတွက် အင်မတန် အရေးကြီးပါတယ်။ ဒီပဲယင်းကိစ္စဟာ ကျနော် ထပ်တလဲလဲပြောခဲ့တဲ့အတိုင်းပဲ တရားမျှတမှု ဘယ်လောက်ရှိ တယ် မရှိတယ်ဆိုတာ အဆုံးအဖြတ်ပေးမယ့်ကိစ္စပါ။”

အလားတူ ဒီပဲယင်းစုံစမ်းရေးကော်မရှင်အဖွဲ့မှ ဦးအောင်ထူးကလည်း **UN** ၏ ဆုံးဖြတ်ချက်၊ **AI** အဖွဲ့၏ တင်ပြ ချက်များပြီးသည့်နောက် ဒီပဲယင်းကိစ္စ လုံခြုံရေးကောင်စီအထိရောက်အောင် ပြည်တွင်းပြည်ပ ဒီမိုကရေစီအင်အားစုများ ဝိုင်းဝန်းဆောင်ရွက်သင့်ကြောင်း ယခုလို ပြောဆိုခဲ့သည်။

“အချက်အလက်တွေအရ ကုလသမဂ္ဂအထွေထွေညီလာခံကြီးကလည်းပဲ ဒီပဲယင်း ဖြစ်ရပ်ကြီးကတော့ဖြင့် လွတ်လပ်တဲ့ စုံစမ်းရေးကော်မရှင်ဖွဲ့မှ စုံစမ်းမှသာ ဖြစ်သင့်တယ်လို့ ဆုံးဖြတ်ချက်ချသွားပြီ။ အခုတခါ နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီးကလည်းပဲ ဒီအတိုင်းထပ်ပြီးအတည်ပြုလိုက်တယ်ဆိုတော့ နိုင်ငံတကာလမ်းညွှန်ချက်အရ ထောက်ပြ နိုင်တာ (ကျနော်တို့မြင်တာကတော့) ဒါဟာ အဆင့်အမြင့်ဆုံးပါပဲ။ ဒါကို နိုင်ငံရေးအရ တကယ်လက်တွေ့ဖြစ်လာအောင် လုံခြုံရေးကောင်စီအဆင့်က လုပ်နိုင်ဖို့ကျတော့ နိုင်ငံရေးပါတီအဖွဲ့အစည်းတွေ၊ ခေါင်းဆောင်တွေ၊ ပုဂ္ဂိုလ်တွေ၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေ၊ တိုင်းရင်းသားခေါင်းဆောင်တွေမှာ ပိုပြီးတော့ တာဝန်ရှိ

တယ်ဆိုတဲ့ အချက် အလက်ကို ကျနော်တို့ခေါင်းဆောင်ကြီးတွေအားလုံးက အလေးအနက်စဉ်းစားဖို့ဖြစ်ပါတယ်။ ဒီ ဒီပဲယင်းဖြစ်ရပ်ကြီးနဲ့ ပတ်သက်ပြီးတော့ အမှန်တရားပေါ်လာပြီး ဘယ်သူတွေကတော့ဖြင့် တာဝန်ရှိတယ်၊ ဘာ့ကြောင့်တာဝန်ရှိတယ်၊ ဘယ်လို တာဝန်ရှိတယ် ဆိုတာကို မဖော်ထုတ်နိုင်သမျှ ကာလပတ်လုံး အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်တဲ့ ဘယ်နိုင်ငံရေးခေါင်းဆောင်ကို မဆို နအဖ ဟာ အချိန်မရွေး ဒီပဲယင်းဖြစ်ရပ်ထက် ဆိုးတဲ့ဖြစ်ရပ် ဖန်တီးပြီးတော့ ချေမှုန်းသွားနိုင်တယ် ဆိုတာကို တာဝန်ရှိတဲ့ ခေါင်းဆောင်တွေအားလုံးက အလေးအနက် စဉ်းစားပြီး လက်ခံပေးဖို့လိုပါတယ်။ လက်ခံပြီးတော့ ဒီပဲယင်းဖြစ်ရပ်ကြီးနဲ့ပတ်သက်ပြီး လုံခြုံရေးကောင်စီကနေ အရေးယူလာနိုင်တဲ့အဆင့်အထိကို အားလုံး တက်တက်ကြွကြွနဲ့ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပြီးတော့ အဖြစ်မှန်ကို ဒီထက် ပိုသိအောင် ဖော်ထုတ်ပေးနိုင်တော့မှသာလျှင် လုံခြုံရေးကောင်စီက လက်ခံစဉ်းစားပြီးတော့ လက်တွေ့လွှတ်လပ်တဲ့ စုံစမ်းစစ်ဆေးရေးကော်မရှင်တရပ် ပေါ်လာအောင် ဆောင်ရွက်ပေးမယ့် အနေအထားမျိုး ရှိလာနိုင်ပါတယ်။ ဒါကို ကျနော်တို့ တင်ပြခြင်းဖြစ်ပါတယ်” အစသို့

## ခေတ်ပြိုင် သတင်းစာ ဖတ်၍ ထောင်ဒဏ်အပြစ်ပေးရန် ပြင်ဆင်နေ

*၂၃ ၊ ဒီဇင်ဘာ ၊ ၂၀၀၃ မောင်တူး (ဒီဗွီဘီသတင်းထောက်၊ ထိုင်း)*

ထိုင်းနိုင်ငံအခြေစိုက် ထုတ်ဝေနေသည့် အတိုက်အခံသတင်းစာ ခေတ်ပြိုင်ဂျာနယ် ဖတ်၍ဟုဆိုကာကရင်ရွာသားတဦးကို နအဖ က ဖမ်းဆီးပြီး ထောင်ဒဏ်အပြစ်ပေးရန် ပြင်ဆင်နေကြောင်း သိရသည်။

ဒီဇင်ဘာလ ၁၉ ရက် နံနက်က ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်၊ ပျဉ်းမကျေးရွာက ဦးကျော်ဝါးနှင့် မိသားစု အတိုက် အခံ ခေတ်ပြိုင် သတင်းစာ ဖတ်နေစဉ် ရွာထဲဝင်လာသည့် ဗိုလ်ကြီးလှမောင်သန်း ခေါင်းဆောင် ခမရ ၄၃၆ တပ်ခွဲ ၃ က တွေ့ရှိသွားပြီး ဖမ်းဆီးခံခဲ့ရခြင်း ဖြစ်သည်။ ပျဉ်းမရွာသားတဦးကမူ ယခုလို ပြောပြသည်။

“ရွာကလူတွေက သတင်းစာဖတ်တယ်။ စစ်ကြောင်းက ဝင်လာတော့ သတင်းစာကိုလည်း ယူတယ်။ လူကိုလည်း ဖမ်းတယ်။ ဒဏ်ရိုက်တယ်ဗျာ။ မဟုတ်ရင် ဖမ်းပြီးထောင်ချတာတို့ အရင်ကလည်း လုပ်ခဲ့ဖူးတယ်။ စီးကျောလေးရွာက လူ တယောက်ဆိုရင် ထောင် ၂ နှစ်ချသွားတယ်လေ။ ပျဉ်းမမှာဖြစ်တာကတော့ ၁၉ ရက်နေ့ကပေါ့။ စီးကျောလေး ကျေးရွာ မှာဖြစ်တာကတော့ ပြီးခဲ့တဲ့ ၉ လပိုင်းကပေါ့။ အဲဒီနယ်မြေတွေမှာ သတင်းစာကတော့ ခေတ်ပြိုင်လည်း လာတယ်။ အမြင်သစ်လည်း လာတယ်။ ရေစီးသံတို့ဘာတို့လည်း လာတယ်။ ဒါကတော့ ဖတ်နေတာပါပဲ။ စစ်တပ် မတွေ့ရင် ဘာမှမဖြစ်ဘူး။ စစ်တပ်တွေ့သွားရင် ဒုက္ခရောက်သွားတယ်။ အဲဒီနေ့က ဦးကျော်ဝါးက တိုက်ဆိုင်သွားတာ။ သူတို့လည်း သတိ မထားလိုက်မိတာ။ ခါတိုင်းလည်း အဲဒီအရာခံဗိုလ် အဲလောက်ထိလည်း ပြင်းပြင်းထန်ထန်အရေး မယူဘူးလေ။ မိသားစု ၄ ယောက်ထဲက နှစ်ယောက်ကို ကြိုးနဲ့ဖမ်းချည်လိုက်တယ်။ အဲဒီပျဉ်းမရွာက လူကြီးက (အမြဲတမ်း ဆက်ကြေးတွေ၊ ပေါ်တာခတွေ ဘာတွေ ကောက်ပေးနေတော့) စစ်ဗိုလ်နဲ့ ပြေလည်အောင်ညှိပေးလိုက်တော့ ငွေတသောင်းခွဲလောက် ထိသွားတာပေါ့”

မေး ။ ။ စစ်သားတွေကိုယ်တိုင်ရော ဒီသတင်းစာတွေကို ဖတ်နေကြတာ မတွေ့ရဘူးလား။ သူတို့ရော မဖတ်ကြ ဖူးလား။

ဖြေ ။ ။ စစ်ဗိုလ်တွေ မသိရင် ဒီသတင်းစာတွေအားလုံး သူတို့ဆီရောက်သွားတာပဲ။ ခလရ ၁၉ က ဗိုလ်မှူး သန်းထွန်းဆို သူကိုယ်တိုင်က အဲဒီ သတင်းစာတွေဖြန့်ပေးတာလည်းပါတယ်။ အထဲမှာ သူတို့ယူသွားတာလည်း ပါတယ်။

ထိုင်းနိုင်ငံ မဲဆောက်၊ ရနောင်း၊ မဲဆိုင်၊ ဘုရားသုံးဆူမြို့များမှ မြန်မာပြည်ပြန်သည့် ကုန်သည်များသည် ခေတ်ပြိုင်၊ အမြင်သစ်၊ ရေစီးသံ စသည့် ပြည်ပအတိုက်အခံသတင်းစာစောင်များကို ယူဆောင်သွားနေကြခြင်းဖြစ်သည်။ နယ်စပ် နအဖ တပ်ထောက်လှမ်းရေးများက ကုန်သည်တို့ကို အတိုက်အခံစာစောင်၊ ဂျာနယ်များ ရှာဖွေယူဆောင်လာရမည် ဟုလည်း အမိန့်ထုတ်ထားသည်မှာ ကြာခဲ့ပြီဖြစ်သည်။ သို့သော်လည်း ပြည်တွင်းထုတ် ဆင်ဆာမဲ့စာစောင်များ၊ ပြည်ပထုတ် အတိုက်အခံသတင်းစာများဖတ်ခြင်း၊ လက်ဝယ်ထားခြင်းတို့ကို ထောင် ၃ နှစ်မှ ၇ နှစ်ထိ ပြစ်ဒဏ်ချမည်ဖြစ်ကြောင်း ပြည်သူလူထုကို အမိန့်ထုတ်ပြန်ထားသည်။ နယ်စပ်နေပြည်သူများမှာ အဆိုပါစာစောင်များကို လျှို့ဝှက်ဖတ်ရှုနေကြသဖြင့် ဖမ်းဆီးထောင်ချခြင်း ငွေညှစ်ခံရခြင်းများ ကြုံတွေ့နေရကြောင်း သိရှိရသည်။ အစသို့

## နေအိမ် အခမ့ပြောင်းရွှေ့ခံရ၍ မကျေနပ်ကြောင်း စာရွက်ကပ်သဖြင့် မူဆလင် ၃ ဦး ဖမ်းဆီးခံရ

*၂၈ ၊ ဒီဇင်ဘာ ၊ ၂၀၀၃*

နေအိမ်များ အတင်းအကြပ်ပြောင်းရွှေ့ခြင်းကို မကျေနပ်ကြောင်း စာရွက်စာတမ်းကပ် ဆန္ဒပြမှုဖြင့် ရခိုင်ပြည်နယ်၊ မောင်းတောမြို့နယ်အတွင်းမှ မူဆလင် ဘာသာဝင် ၃ ဦးကို နယ်မြေအာဏာပိုင်တို့ကဖမ်းဆီးခဲ့ကြောင်း သိရှိရသည်။

အဆိုပါလူငယ် ၃ ဦး ဆန္ဒပြ စာရွက်စာတမ်းကပ်ရသည့်အကြောင်းမှာ ၎င်းတို့ပိုင် နေအိမ်များ အပါအဝင် မောင်းတောမြို့ပေါ်ရှိ မူဆလင် ဘာသာဝင်နေအိမ် ၃၀ ခန့်ကို ယခုလ ၂၇ ရက်နေ့က အာဏာပိုင်တို့မှ အခမ့ ပြောင်းရွှေ့ သည့်အပေါ် မကျေနပ်သောကြောင့်ဖြစ်ကြောင်း ဒေသခံများက ပြောပြသည်။ ကျူးကျော်နေအိမ်ဟု စွပ်စွဲပြီး နယ်မြေခံ အာဏာပိုင်တို့၏အမိန့်အရ ရဲနှင့် စွမ်းအားရှင်အဖွဲ့တို့က နေအိမ်များကို အခမ့ဖျက်သိမ်းပြီး မြို့ပြင်ကိုပြောင်းရွှေ့ခဲ့ခြင်း ဖြစ်သည်။ ထိုကိစ္စကို မကျေနပ်သည့်အတွက် အိမ်ပိုင်ရှင်တချို့က အတင်းအခမ့မလုပ်ရန်နှင့် ထိုက်တန်သည့် မြေနေရာ များအစားထိုးပေးရန် တောင်းဆိုစာများကို မောင်းတောမြို့တွင်း၌ လိုက်ကပ်ခဲ့ခြင်းဖြစ်ကြောင်း နယ်စပ်သတင်းများအရ သိရှိရသည်။ အစသို့

~~~ ~~~ ~~~ ~~~ ~~~
~~~